



ခင်နှင်းယု

# နွားတစ်ကောင်

စာမူခွင့်ပြုချက် -၃၈၉/၂၀၀၀(၆)

မျက်နှာဖုံးခွင့်ပြုချက် -၈၀၅/ ၂၀၀၀(၁၁)

ထုတ်ဝေခြင်း -၂၀၀၁ခု၊ ဇန်နဝါရီလ(ဒုတိယအကြိမ်)

အုပ်ရေ -၁၀၀၀အုပ်

တန်ဖိုး -၁၂၀၀ကျပ်

ထုတ်ဝေသူ -ဒေါ်ရွှေအိမ်(၀၁၂၉၉)၊ တိုင်းလင်းစာပေ။

အမှတ် ၈/ ၆၅၊ အုပ်စု(၃)၊ အောင်သိဒ္ဓိလမ်း၊

စော်ဘွားကြီးကုန်း၊ အင်းစိန်။

ပုံနှိပ်သူ -ဒေါ်ခင်ခင်ဝင်း၊ ကလျာပုံနှိပ်တိုက်(မြဲ-၀၂၆၇၀)၊

၁၅၂/ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ။

မျက်နှာဖုံးပုံနှိပ်သူ -ဦးမြသိန်း၊ သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊

၉၆/ ၁၁လမ်း၊ ရန်ကုန်မြို့။

(၁)

ပတ်ဝန်းကျင်အခြေအနေများသည် အားလုံးပင် တူညီနေကြ၏။ မိသည် ဝမ်းမှကျွတ်စအသံကုန်ဟစ်ငိုသလို ဟစ်၍ငို၏။ ငယ်ငယ်တုန်းက လက်ခြေများကို ကလန်ကလန်နှင့် လှုပ်ရှားနေသလို ယခုလည်း ခေါင်းအုံးကို ပုတ်ခတ်တွန်း၍ ငို၏။

မိ၏မေမေကမူ အနားတွင် ငြိမ်သက်စွာရပ်၍ မတုန်မလှုပ် ကြည့်နေလေ၏။

မိကို မွေးဖွားစဉ်က မွေးခန်း၏အပြင်ဘက်တွင် မမကြီးသည် ရင်တထိတ်ထိတ်နှင့် စောင့်လင့်သလို ယခုလည်း မေမေနှင့်မိတို့ တွေ့ဆုံကြခြင်းအတွက် ဘယ်လိုအဖြေထွက်လာမည်ကို မမကြီးသည် ရင်တဖိုဖိုနှင့် စောင့်လင့်၏။

တစ်ဖက်ခန်းတွင်လည်း ဖေဖေသည် မိမွေးဖွားချိန်တွင် ပင့်သက်ဖြာ၍ အသက်ရှူမှားမိသလို ယခုလည်း သမီးမရွှေမိအတွက် ပင့်သက်လိုက်ဖို့၍ စောင့်လင့်၏။

မေမေတစ်ယောက်သာ အားလုံးနှင့်မတူပေ။ မိမွေးဖွားခင်ကတော့ အမှန်ပင် သူသည် ဝမ်းမှကျွတ်ချိန်အတွက် ရင်တထိတ်ထိတ်နှင့် မျှော်လင့်မိသော်လည်း ယခုတစ်ချိန်တွင်မူ မေမေသည် ဘယ်တုန်းကနှင့်မျှ မတူအောင် တည်ငြိမ်လှ၏။ မိကို စူးစိုက်၍ကြည့်နေ၏။ ခုတင်ဘေးရှိ

ကုလားထိုင်တွင် ဝင်ထိုင်၍ သမီးကိုပြုံးသက်စွာ ကြည့်မြဲကြည့်နေ၏။ မေမေက ယခုလို ပြုံးနေလေလေ မိက ငိုလေလေ ပို၍ဆူလေလေဖြစ်၏။

"မေမေ မတရားဘူး"

မိသည် ရှိုက်၍ငိုရာမှ တစ်ချက်တစ်ချက် မေမေ့ကို လှမ်း၍ပြော၏။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ မငိုပါနဲ့တော့ သမီးလေးရယ်၊ မငိုပါနဲ့တော့။ မေမေရဲ့အမှားတွေလည်း အများကြီးပါတယ်ဆိုတာ မေမေဝန်ခံပါတယ်။ မငိုပါနဲ့တော့"

မေမေသည် တွတ်တွတ်နီနေသော မိမျက်နှာကို ကြည့်ရင်း သူ့ရင်ခွင်ထဲတွင် နီနီထွေးထွေးနှင့်မွေးစဖြစ်သော မိမျက်နှာကို ပြန်၍မြင်လာ၏။ ယခင်ကတော့ သူ့ရင်ခွင်ထဲတွင် သူလုပ်သမျှ ပြုံးသက်စွာခံနေရ၏။ ယခုတော့ သူနှင့်ကိုယ်နှင့်အတူဖြစ်လာပါပကော။

ယခုလိုအချိန်တွင် ကလေးလို ဆက်ဆံ၍မရတော့။ မိသည် တောင်းလည်း တောင်းဆိုတတ်၏။ ချေလည်း ချေပတတ်၏။ သူ့ရဲ့အခွင့်အရေးကိုလည်း သူ နားလည်လာလေပြီ။

ခင်ခင်လေးသည် အမေတစ်ယောက်အနေနှင့် ကျေနပ်ရရပြောနေသော်လည်း သူ့ကိုယ်သူစိတ်ထဲမှ အပြစ်တင်နေမိ၏။ မိခင်တစ်ယောက်အနေနှင့် တစ်နေ့သောအခါ ရင်ဆိုင်ရမည့်အရေးကို ရှောင်ရှားနောက်တွန့်နေခဲ့မိသော သူ့အဖြစ်များကို တစ်ကွက်စီ တစ်ကွက်စီ ပြန်၍မြင်လာ၏။

အတိတ်များအားလုံးသည် အနာဂတ်အကြောင်းအရာတို့၏ ဖြစ်ပေါ်ရာအကြောင်းရင်းများ မဟုတ်ပါလား...။

အမှန်မှာ မိကို မမွေးဖွားမီကပင် ခင်ခင်လေးသည် စိတ်ကူးထဲတွင် အားလုံးကို ရင်ဆိုင်မိပါ၏။ အတွေးမျိုးစုံကိုလည်း တွေးထားပေသည်။ သားဖွားရခြင်းဆိုသည်မှာ ဘယ်လိုပါလိမ့်...။

'သားတို့ ရုပ်ရည်၊ သီတာမည်သား'ဟူ၍လည်း အဆိုရှိ၏။ မိကို ကိုယ်ဝန်ရှိကတည်းက သီတာရေယဉ်၏ အရသာကို ခင်ခင်လေးက စဉ်းစားခဲ့ပါ၏။

လရောင်၏အောက်တွင် ကုမုဒြာကြာသည် ပွင့်အာ၍လာသကဲ့သို့ပင် သားသမီးမွေးဖွားရခြင်းသည်လည်း ရွှင်လန်းနှစ်သိမ့်ဖွယ် ကောင်းလေသလော။

ပြာသောကောင်းကင်တွင် ထွက်ပြူစလဝန်းကို ရှုမြင်ရသကဲ့သို့ ကြည်လင်ချမ်းမြေ့လေသလော။

ပန်းပေါင်းစုံရနံ့ကို ဆောင်ယူလာသော လေညင်း၏ ဖြေးဆေးညှံ့သက်စွာ တိုက်ခတ်ခြင်းဖြင့် အိပ်ရာမှ နိုးလာသူကဲ့သို့ ချမ်းမြေ့အားတက်ဖွယ် ကောင်းလေသလော။

ဘယ်လိုများပါလိမ့်… ဘယ်လိုများပါလိမ့်၊ ခင်ခင်လေးသည် အမြဲတွေး၏။ တစ်ယောက်တည်းတွေး၍ အားမရသောအခါတွင်မူ သူသည် ကိုအောင်မြင့်ကို မေး၏။

"ကိုရယ် ကလေးရလာရင် မွေးလာရင်ဆိုပါတော့ စိတ်ထဲမှာ ဘယ်လိုဖြစ်လဲဟင်"

ကိုသည် ပြုံး၏။

"ကိုယ်လည်း ဘယ်သိမလဲ ခင်ခင်လေးရယ်။ ယောကျ်ားလည်းဖြစ်ပြန်၊ ကလေးလည်း မမွေးဘူးတော့ ဘယ်နဲ့လုပ်သိမလဲ"

ခင်ခင်လေးသည် သူ့မေးခွန်းအတွက် စိတ်ပျက်သွားပြန်၏။

"ကိုကလည်း နောင်ဆိုရင် မိဘဖြစ်ရတော့မှာပဲဟာ၊ ဘယ်လိုနေမလဲဆိုတာ စိတ်မှမကူးကြည့်တော့ဘူးလား"

"ကူးတော့ကူးတာပေါ့ ခင်ခင်လေးရယ်"

ကိုသည် ခပ်အေးအေးပင် ပြန်၍ပြော၏။ အမှန်တော့လည်း ကိုအောင်မြင့်သည် လူအေးဖြစ်၏။ တွေးစရာရှိရှိ၊ လုပ်စရာရှိရှိ ခပ်အေးအေးပင် လုပ်၏။ တွေး၏။ သူတွေးသောအတွေးအတွက်လည်း သောကများကို မဖြစ်ပွားစေပေ။

ခင်ခင်လေးသည် ကို့ကို အားမရ၍ မမကြီးထံသို့ သွားပြန်၏။

"မမကြီးရယ်၊ ကလေးမွေးရင် ဘယ်လိုဖြစ်လာလဲ။ စာတွေထဲမှာပါသလို တကယ်ပဲ ရင်ထဲမှာ အေးချမ်းနှစ်သိမ့်သွားလား၊ ပြီးတော့ ဘာဖြစ်လာဦးမှာလဲ"

မမကြီးသည် ဟက်ဟက်ပက်ပက်ရယ်၏။

"ခင်ခင်လေးရယ် မမကြီးက အပျိုကြီးပဲဟာ ဘယ်နယ်လုပ်သိမလဲ၊ တစ်နေ့… တစ်နေ့ ဒါပဲတွေးနေတာပဲ။ မိလတ်တို့များ သူ့လိုမဟုတ်ပါဘူး။ သူ့မှာဖြင့် ကလေးတစ်ယောက်ရတာ နေစရာပဲမရှိတော့ဘူး။ သုံးလပဲလိုတော့တာဟာ သိမှာပေါ့ တွေးမနေနဲ့တော့…"

မမကြီးကိုလည်း သူဘာမှ ပြန်မပြောရဲ၍ သူ့တစ်ယောက်တည်း မမွေးဖွားသေးသော ကလေးကို တွေး၍နေ၏။ မမကြီးပြောသည်မှာ မှန်၏။ ခင်ခင်လေးသည် သောကများလွန်းလှသည်။

ခင်ခင်လေးတို့ ညီမသုံးယောက်တွင် မမကြီးက အကြီးဆုံးဖြစ်၍ ခင်ခင်လေးက အငယ်ဆုံးဖြစ်၏။ ခင်ခင်လတ်မှာ အလတ်ဖြစ်၏။

တစ်ခေတ်တုန်းကမူ ပင်စင်စားအရေးပိုင်ကြီး၏ သမီးများအဖြစ် ခင်ခင်ကြီး၊ ခင်ခင်လတ်နှင့် ခင်ခင်လေးတို့သည် ကြယ်ရောင်လရောင်လို တောက်ပခဲ့၏။ ကောင်းစားခဲ့ကြ၏ဆိုလျှင် ပို၍မှန်ပေမည်။

သုံးယောက်ထဲတွင် ခင်ခင်လတ်သည် ခေတ်ကောင်းကို အမှီပြု၍ အသုံးချတတ်၏ဆိုလျှင် မမှားပေ။ ခင်ခင်လတ်ခေတ်သည် အိုင်စီအက်များ

ကောင်းစားချိန်ဖြစ်၍ ခင်ခင်လတ်သည် အိုင်စီအက်နယ်ပိုင်တစ်ယောက်ကို ရလိုက်၏။ ခင်ခင်လတ်တို့ဘက်မှ စိန်တစ်ဆင်စာ၊ မင်္ဂလာအခမ်းအနားအတွက် ကုန်ကျသမျှနှင့် ငွေတစ်သောင်းတိတိ လက်ဖွဲ့ရလေသည်။

ခင်ခင်ကြီးကမူ "ငါတော့ လင်ကိုများ ဝယ်ယူရမယ်ဆိုရင် တစ်သက်လင်မယူဘူးပော့"ဟုဆို၏။ မှန်၏။ မမကြီးသည် ယခုထိ လင်မယူသေးပေ။ သူ့တစ်သက်တာတွင် ယူတော့မည်မဟုတ်ပေ။ အချိန်များ လွန်ခဲ့လေပြီ။

ခင်ခင်လေးအတွက်မူ လင်ကို မဝယ်နိုင်ခဲ့ပေ။ ခင်ခင်လေးအရွယ်ရောက်စတွင် ခင်ခင်လေးဖေဖေသည် ကွယ်လွန်ခဲ့၏။ ခင်ခင်လေးတွင် အဖေ၏ အရောင်ထင်ဟပ်ခြင်းကို မခံရတော့ပေ။ အစစငွေကိုလည်း သတိထားလာရ၏။ မေမေကိုယ်တိုင်ကပင် "ခင်ခင်လေးအတွက်တော့ မေတ္တာနဲ့လာပြီး တောင်းခံတဲ့လူကိုပဲ ပေးစားနိုင်မှာပဲ၊ တို့ကတော့ဖြင့် ငွေကုန်ကြေးကျခံပြီး မပေးစားနိုင်တော့ဘူး"ဟူ၍ သူတို့အထက်လွှာလူဒလံ၊ လူပွဲစားလုပ်နေသည့် ကြီးကြီးမြိုင်တို့အား လေသံလွှင့်လိုက်၏။ မှန်၏။ ခင်ခင်လေးတို့မေမေတွင် လက်ဝတ်လက်စားနှင့် ယခုနေသော ကုက္ကိုင်းကအိမ်သာရှိ၏။ ကျန်ရစ်သောငွေကိုလည်း ယခုနေသွားကြသောအချိန်တွင် ဘာမျှမလုပ်ဘဲ အေးအေးစားသုံးသွားရမည် မဟုတ်ပါလား။

မရွှေလတ်ကမူ ဝင်းဝင်းတောက်၍နေပေ၏။ သူ့အရေးပိုင်ကတော်ဖြစ်ချိန်တွင် ခင်ခင်လေးကို မေမေတို့ လက်ထပ်ပေးစားရ၏။ ခင်ခင်လေးကိုမူ ကိုအောင်မြင့်တို့မိဘက တောင်းရမ်း၍ အားလုံးအကုန်အကျခံ၏။ ကိုအောင်မြင့်မိဘတွေမှာလည်း ရိုး၍ ရှေးဆန်၏။

"တစ်မိသားနဲ့ တစ်မိသားဆက်ဆံရေးမှာ ကျွန်မတို့ကလည်း မေတ္တာကိုပဲ လိုချင်ပါတယ်"ဟူ၍ ကိုအောင်မြင့်မေမေက ပြော၏။

ခင်ခင်လေးမေမေကလည်း...

"ကျွန်မသမီးကို မေတ္တာနဲ့ တန်ဖိုးဖြတ်ရတဲ့အတွက် ပိုပြီးဝမ်းသာပါတယ်"ဟု ပြန်ပြော၏။

ခင်ခင်လတ်၏ မင်္ဂလာဆောင်လို လျှမ်းလျှမ်းမတောက်သော်လည်း ခင်ခင်လေးမင်္ဂလာဆောင်သည် ငြိမ်းချမ်းသာယာစွာပင် ပြီးဆုံးခဲ့၏။

ခင်ခင်လေးသည် မမကြီးကို မင်္ဂလာမဆောင်ခင်က မေး၏။

"မမကြီး မေမေက ခင်ခင်လေးကိုတော့ လာတောင်းတဲ့လူရှိမှ ပေးစားတယ်၊ မမလတ်တုန်းကတော့ ဘာဖြစ်လို့ ရှာပေးစားတာလဲ။ ပြီးတော့ မမလတ်တုန်းက မိန်းကလေးဘက်က တင်တောင်းလိုက်ရတာ အများကြီးပဲ။ ခင်ခင်လေးကျတော့ ယောကျ်ားလေးက တင်တောင်းတယ်"

မမကြီးသည် ညီမကိုစိုက်၍ကြည့်ရင်း...

"မိဘဆိုတာ နားလည်ရတယ်။ ကိုယ့်သားသမီး အခြေအနေကို ကြည့်ရတယ်။ မိလတ်ကတော့ သိတဲ့အတိုင်း ဆတ်ကော့လတ်ကော့ မဟုတ်လား၊ ကြာရှည်အပျိုဘဝနဲ့နေလို့ တစ်ခုခုဖြစ်သွားရင် ကိုယ့်သမီးမှာ တန်ဖိုးလျော့သွားမှာပေါ့။ သည်တော့သည်လို ကိုယ်ပိုင်ပုံမရတဲ့ သမီးမျိုးကျတော့ သင့်တော်တဲ့သူ မြန်မြန်ရှာပြီး မိဘက နေရာချပေးရတယ်။ ကိုယ်က တင်တောင်းသင့်လည်း တောင်းရတာပဲ။ လက်ထပ်ပြီးတော့ စိတ်အေးရတာပေါ့"

"ပြီးတော့လည်း အမှန်အတိုင်းပြောရရင် အိန္ဒြေရပြီး ပိပြားတဲ့ မိန်းကလေးတွေအဖို့ လိုချင်သူမရှားဘူးပေါ့။ ကိုယ်ကလည်း လိုက်ရှာဖို့ မလိုဘူး"

ခင်ခင်လေးသည် ငြိမ်၍နားထောင်နေ၏။ အမှန်တော့ သူလက်ထပ်ရခြင်းကိုမူ ခင်ခင်လေးက မကျေနပ်ပေ။ ကိုအောင်မြင့်ကို ခင်ခင်လေးကမကြိုက်၊ ခင်ခင်လေးချစ်သူကိုလည်း မေမေတို့က သဘောမတူပေ။ မေမေ့စကားကို နားထောင်ရသော်လည်း ခင်ခင်လေးသည် ရင်ထဲမှာတော့ ကသိကအောင့် ဖြစ်နေ၏။

"ခင်ခင်လေးဟာ ယောက်ျားမယူဘဲ မမကြီးလိုနေတော့ကော မဖြစ်ဘူးတဲ့လား။ ခင်ခင်လေးက ပျံတန်တန်နန့်တန့်တန့်ဖြစ်နေလို့ လင်ပေးစားတာလားဟင်"

ခင်ခင်လေးသည် မေမေ့ကိုလည်း ယခုလို မေးလိုက်ပြန်၏။

"တစ်နေ့တော့ သမီးသိလာမှာပေါ့။ သမီးအိမ်ထောင်ကျပြီး သားသမီးရလာတဲ့အခါ မိဘများဟာ ဘာကြောင့် သားသမီးတွေကို အိမ်ထောင်ချချင်ကြသလဲဆိုတာ သမီးသိလာလိမ့်မယ်"

မေမေသည် သူ့ကို ဒါပဲပြော၏။

*****

(၂)

မမေသည် အချိန်ကိုကြိုတင်၍ တွက်တတ်လေသလားမသိ။ ခင်ခင်လေးတို့ လက်ထပ်ပြီး၍ တစ်နှစ်အကြာတွင် ကွယ်လွန်ခဲ့လေသည်။ မမကြီးသည် ခင်ခင်လေးနှင့်ပင် အတူနေ၏။ ကိုအောင်မြင့်သည် အဆောက်အအုံ အင်ဂျင်နီယာဖြစ်၍ ကိုယ်ပိုင်အလုပ်လုပ်၏။ အစိုးရထံမှာ အလုပ်မလုပ်ပေ။ ကုက္ကိုင်းအိမ်မှ မပြောင်းကြဘဲ အတူပင် နေကြ၏။

ကုက္ကိုင်းအိမ်လေးသည် နေထိုင်ကြသော အိမ်ထောင်စုလိုပင် တိတ်ဆိတ်အေးချမ်းလှ၏။ တစ်ခါတစ်ရံမှသာ ခင်ခင်လတ်သည် ဘယ်မြို့ကို ပြောင်းသွားရသည်၊ ခင်ခင်လတ်ယောက်ျား အရေးပိုင်ဖြစ်သွားပြီဟူသော သတင်းလောက်သာ သူတို့အိမ်လေးဆီသို့ အထူးသဖွယ် ပျံလွင့်လာ၏။ ခဏလောက်တွင်မူ အိမ်လေးသည် လှုပ်ရှား၍သွားတတ်သည်။ ထိုလှုပ်ရှားမှုသည် ညနေမစောင်းခင်ပင် ပြန်လည်ငြိမ်သက်၍ အိမ်လေးမှာ ယခင်ကလိုပင် တိတ်ဆိတ်နေ၏။

ကိုသည် အလုပ်အတွက် အဆောက်အအုံကြည့်ရန်အတွက် တစ်နေ့လုံးလိုလို မြို့ထဲကို ထွက်နေရ၏။ ခင်ခင်လေးကမူ ခုတင်ပေါ်တွင် ခွေခွေလေး နေချင်ရင်လည်းနေ၏။ တစ်ခါတစ်ရံတွင်လည်း သူပျိုးထားသော သစ္စာပန်းပင်တို့ဘေးတွင် ငြိမ်ငြိမ်လေးထိုင်နေ၏။

သူ့စိတ်ထဲမှာ ထင်သည်၊ သူ့ဘဝတွင် နောက်ထပ် ဘာမျှဆန်းသစ်လာလိမ့်မည်ဟူ၍ မထင်ပေ။ ပန်းခက်လေးများကို ချူးနေချိန်တွင် နေးကွေးလွန်းလှ၍ မမကြီးက သူ့ကို အားမရပေ။

"သည်နေ့လည် မောင်အောင်မြင့် ပြန်လာမယ်မဟုတ်လား ခင်ခင်လေး"

"ဟုတ်ကဲ့ မမကြီး"

"အေး မနက်ကပြောတာ ကြားသလို ရှိတယ်။ အတော်ပဲ၊ မနက်က ဈေးကို မှာလိုက်ရတယ်။ သည်နေ့ နေ့လည် အိမ်မှာ ကြာဇံဟင်းခါးသောက်ရမယ်။ ဟင်းအိုးဆူနေတာကိုက ငရုတ်ကောင်းနံ့နဲ့ ကြက်သွန်ဖြူနံ့သင်းနေတာပဲ"

မမကြီးသည် ဖွန်းများကို တိုက်ရင်း ထမင်းစားခန်းထဲမှလှမ်း၍ ပြောနေ၏။ ခင်ခင်လေးစိတ်ထဲတွင်မူ ဟင်းခါးမှာ သူနှင့်တဲ့မှတဲ့ပါ့မလားဟု တွေးနေ၏။ သူ့လက်ချောင်းလေးများကိုလည်း ထောင်၍ကြည့်မိပြန်၏။ လက်ချောင်းများသည် ဖြူလျော်လျော်နှင့် ထွေးထွေးနွေးနွေးမရှိပေ။

"ဟော့ မရွှေရေ ပန်းကန်တွေ ချတော့ဟေ့။ တစ်ချက်ခွဲနေပြီ။ လာချိန်နီးနေပြီ၊ မီးခဲတော့ နည်းနည်းချထားလိုက် ဆူလွန်းရင် ခမ်းပြီး ငန်သွားဦးမယ်"

မမကြီးအသံသည် နောက်ထပ်ပေါ်လာပြန်၏။ ခင်ခင်လေးသည် ထမင်းစားခန်းထဲသို့ ခပ်နွဲ့နွဲ့လျှောက်၍လာ၏။ စားပွဲပေါ်မှ ပန်းအိုးကို ပန်းပွင့်များလှအောင် ပြင်လိုက်၏။

"ခင်ခင်လေး ဟင်းခါးကိုမြည်းကြည့်ပါဦးလား"

"နေပါစေတော့ မမကြီး၊ ကိုလာမှပဲ တူတူသောက်တော့မယ်။ ခင်ခင်လေးနဲ့ကော တည့်ရဲ့လား"

"တည့်ပါတယ် ခင်ခင်လေးရယ်၊ မိုးအေးတုန်း ဟင်းခါးနဲ့ ရှောက်သီးသုပ်စပ်စပ် သုပ်စားရင် အပူတောင်ထွက်သေးတယ်"

"ခင်ခင်လေးရဲ့လက်တွေကလည်း အေးလို့"

"အဲ အတော်ပဲ၊ ဟင်းခါးသောက်၊ ချွေးထွက်လာရော"

ခင်ခင်လေးသည် ပြုံးလာ၏။ မမကြီးစကားပြောပုံမှာ အားရပါးရရှိ၏။

"တစ်နေ့က မင်းကတော်တစ်ယောက်က ပြောတယ်။ ခင်ခင်လေး ချူချာနေတာက ကလေးမရလို့တဲ့"

"အို... ရချင်တဲ့အခါကျရင် ရမှာပေါ့ ခင်ခင်လေးရယ်။ ဒါတွေ တွေးမနေစမ်းပါနဲ့။ ကဲကဲ... ဟော့... မယ်ရွှေရေ ငန်ပြာရည်ရယ်၊ ငရုတ်ကောင်းရယ် တစ်ပန်းကန်စီ ထည့်ထားဦးဟော့၊ အပေါ့အငန်ကြိုက်သလိုပေါ့၊ ခင်ခင်လေး နင့်အစ်ကို သွားစောင့်နေဦးလေ"

ခင်ခင်လေးသည် ဧည့်ခန်းကို ပြန်ထွက်လာ၏။ အိမ်အဝင်ဝဘက် မျက်နှာပြုထားသော ဆိုဖာပေါ်တွင် ထိုင်ရင်း သူ့ခြေထောက်များအကြောင်းကို စဉ်းစား၏။ ညာဘက်ခြေဖဝါးသည် မနက်ကရောင်၍ တင်းလာ၏။ ထမင်းစားတုန်းကလည်း ခေါင်းကမူးလာသည်။ ခြေထောက်ထောက်ကြည့်ရသည်မှာ ယခုတော့ နည်းနည်းပင် တင်းတော့သည်။ ဒါပေမယ့် ခြေဖျားများသည် ရေလိုအေးစက်နေပြန်၏။ ထမင်းစားပြီးချိန်ကတည်းက ရင်ထဲ၌ လှပ်လှပ်လှပ်လှပ်နဲ့ ရင်တုန်သလို ဖြစ်နေပြန်သည်။

ကားလေး အိမ်ရှေ့မြေနီလမ်းပေါ် မောင်းလာပေမယ့် သူသည် ထဖို့သတိမရ၊ ဆင်ဝင်အောက်ရောက်မှ ထသွားမိသည်။

ကိုသည် မော်တော်ကားတံခါးကို ဖွင့်၍ဆင်းလာ၏။

"ကဲ ခင်ခင်လေးတစ်ယောက် သည်နေ့တော်တော်မှ နေမှကောင်းရဲ့လားဟေ့။ ခြေထောက်တွေနာသေးလား။ ရင်ခုန်တာရော ရပ်သွားပလား၊ ခေါင်းမူးသေးလား၊ လက်ဖျားတွေကော နွေးလာပြီလား"

ကိုသည် တံခါးဝရောက်ရောက်ချင်း ခင်ခင်လေးလက်ဖျားကို ဆုပ်ကိုင်ရင်း မေး၏။ ခင်ခင်လေးသည် ပြုံး၍နေ၏။

ကိုက သူ့ဇနီးအကြောင်းကို အကုန်သိ၏။ ရောဂါပေါင်းသည် ကိုးဆယ့်ခြောက်ပါးမကပေ။ အိမ်ထဲရောက်ချိန်တွင်လည်း ကိုကသာ ပျာပျာသလဲ ဖြစ်ပေမယ့် မရွှေခင်ခင်လေးကမူ လှုပ်လှုပ်ရှားရှား မရှိလှပေ။

ယနေ့ ဟင်းခါးသောက်ချိန်တွင်လည်း မမကြီးသာ ရှမ်းကြက်သွန်ဖြူ အနံ့မရှိကြောင်း၊ ဟင်းခါးကို မြောင်းမြမှာနေစဉ်က ပုစွန်နှင့်ချက်ရသည်မှာ ချိုကြောင်း၊ တစ်ခါတစ်ခါ ငရုတ်ကောင်းများများ ခပ်သောက်ရသည်မှာ အရသာရှိကြောင်းများကို ရွှန်းရွှန်းဝေအောင် ပြောနေတတ်ပေသည်။

*****

ခင်ခင်လေးမှာ ကလေးကိုယ်ဝန်ရှိကြောင်း စသိကြသောအချိန်တွင်မူ ယခင်လို တိတ်ဆိတ်၍မနေကြတော့၊ တစ်အိမ်လုံးသည် စိုစိုပြည်ပြည် ရွှင်ရွှင်လန်းလန်းဖြစ်၏။ အင်မတန်အေး၍ နွဲ့သော ခင်ခင်လေးပင် ဖျပ်ဖျပ်လတ်လတ် လှုပ်လှုပ်ရှားရှားဖြစ်လာ၏။ မမကြီးကလည်း လုပ်ရင်းကိုင်ရင်း သူတို့အိမ်ထောင်တွင် မကြာခင် လူသစ်တစ်ယောက်တိုးလာမည်ကို ဝမ်းသာအားရပြောနေ၏။ သူ့တွင်လည်း ကလေးတာဝန် ပိုလာတော့မည်ကို မမကြီးက အားရပါးရ ပြောပြန်၏။

အားလပ်ချိန်တွင် ခင်ခင်လေးသည် မွေးဖွားလာမည့် ကလေးအကြောင်းကို တွေးရသည်မှာ မဆုံးတော့ပေ။ ကလေးအတွက် ပုံများကိုလည်း ရှာထားရဦးမည်။ ခြံထဲရှိ ပန်းပင်လေးတွေလည်း ယခုနှစ်မှပို၍ ပွင့်လာကြ၏။ ပန်းလေးတွေ လန်းဆတ်သလို ခင်ခင်လေးသည်လည်း ရွှင်လန်းလာ၏။ အစဉ်အဆက်မပြတ်သော မျိုးစေ့ကို ပြုစုပျိုးထောင်ရန်အတွက် ပန်းလေးများလည်း လှပစွာ ပွင့်ရခြင်းပေပဲ။ သူသည်လည်း ယခုအခါတွင် သူ၏မျိုးရိုးစဉ်ဆက်ဆို၍ လောကတွင် ထားရစ်ခဲ့နိုင်တော့မည်။ သူသည် တစ်နေ့အခါ သူ့မျိုးရိုး၏ပင်မမျိုးစေ့အဖြစ် ရောက်ရတော့မည်။ ဘဝဆိုတာ အဆန်းအသစ်တွေ အများကြီးတွေ့ရဦးမှာပါကလား။

ခင်ခင်လေးသည် တွေးရင်း ကျေနပ်နှစ်သိမ့်မိ၏။ ညဉ့်ဦးယံအိပ်ခါနီးတွင် ကို့အပါးဝယ် ခင်ခင်လေးသည် တိတ်ဆိတ်စွာ အိပ်မနေတော့ပေ။ မအိပ်ခင်လည်း

လာလတံ့သော ကလေးအတွက် စီစဉ်ရ၏။ ညအိပ်နေဆဲတွင်လည်း ကလေးကို အိပ်မက်မက်ရသည်မှာ နှစ်သိမ့်စရာကောင်းလှပေ၏။

တကယ်မွေးဖွားချိန်တွင်သာ သီတာရေလို အေးမအေး ကုမုဒြာကြာလို ကျက်သရေရှိမရှိ သိရပေမည်။

*****

ခင်ခင်လေး မွေးဖွားချိန်တွင် ခင်ခင်လတ်သည် ရန်ကုန်ပြောင်းလာ၍ ခင်ခင်လေးကို လာမေး၏။ ခင်ခင်လေးသည် နံနက်က မွေးဖွားလိုက်၍ နွမ်းနေသည်။ သူ့ရင်ထဲတွင်လည်း မောသလိုဖြစ်နေသည်။

ခင်ခင်လတ်ကမူ မမကြီးနှင့်ရော ဧည့်သည်တွေနှင့်ရော စကားဖောင်လောက်အောင် ပြောနေ၏။

"ကျွန်မမွေးတုန်းကဆို အရေးပိုင်ကတော်ဆိုတော့ ဆရာမတွေကလည်း သိပ်ဂရုစိုက်တာ၊ အားလုံးပေါင်း ငွေတစ်ထောင့်ငါးရာလောက် ကုန်တယ်။ သိရဲ့လား မင်းကတော်ရဲ့။ ကလေးကလည်း အင်္ဂလိပ်ကလေးလေးလိုပဲ ဆံပင်လေးတွေနီလို့ ထွေးထွေးလေး သိပ်ချစ်စရာကောင်းတာ"

မမကြီးသည် နှာခေါင်းရှုံ့လိုက်၏။ မှိန်းနေရာမှ ခင်ခင်လေးကလည်း တွေးမိ၏။

"အင်္ဂလိပ်ကလေးမှပဲ ချစ်စရာကောင်းတော့မှာလား မမလတ်ရယ်"ဟု တွေးနေမိ၏။

ခင်ခင်လတ်သည် စကားပြောရင်း စီးကရက်ကို အတွင်ဖွာ၏။ သူ့နှုတ်ခမ်းများမှာ တွတ်တွတ်နီလျှက် ပါးပါးလေးဖြစ်နေ၍ စီးကရက်ချိတ်ထားသောအခါ ပို၍လှပသလို ဖြစ်နေသည်။ နဖူးပေါ်တွင်လည်း ဆံနွယ်များမှာ ခွေကောက်တွန့်လိမ်၍နေ၏။ ပဒုမ္မာအပါး

အောက်မှလက်သိုင်းရွှေကြိုးကလည်း တစ်လက်လက်တောက်၍ စိန်ကြယ်သီးများကလည်း တဖျပ်ဖျပ် ဖြစ်နေသည်။

"ခုပဲ အရေးပိုင်မင်း လိုက်လာဦးမလို့၊ သမီးက သူ့ဒက်ဒီမလိုက်ရဘူးဆိုလို့ အရေးပိုင်မင်း နေရစ်ခဲ့တယ်။ အရေးပိုင်မင်းက အင်မတန်အေးတာ"

အနားက နားထောင်နေသူ မင်းကတော်များမှာတော့ ဘယ်လိုနေမည် မသိပေ။ မမကြီးနားတွင်မူ 'အရေးပိုင်'တွေ ထပ်နေလွန်း၏။ ကြာလျှင်လျှာထဲမှာ အရေးပိုင်မင်း မှောက်လျက်လဲမှာစိုးရသည်။

ခင်ခင်လေးသည် သူ့မမလတ်အကြောင်းကို မတွေးတော့ပေ။ ပါးစုံ့ဖောင်းဖောင်းလေးနှင့် နီနီထွေးထွေးလေးဖြစ်သော သမီးလေးမျက်နှာကို တွေးလိုက်ရသောအခါတွင်မူ စိတ်မှာချမ်းမြေ့၍သွားတော့၏။ မွေးစဉ်က မောခြင်း၊ နာခြင်းများမှာ အားလုံးပျောက်၍ သွားတော့သည်။

မမလတ်ပြန်သွား၍ ဧည့်သည်များ ရှင်းချိန်တွင်မူ မမကြီးနှင့်ခင်ခင်လေးသာ နှစ်ယောက်တည်း ကျန်ရစ်တော့၏။

"ခင်ခင်လေး ငါတော့ နင့်မမလတ်ဟာ စိတ်မှကောင်းသေးရဲ့လား မသိဘူး။ ပြောပုံဆိုပုံရော၊ ဝတ်ပုံရော အပျိုတုန်းကလို မဟုတ်တော့ဘူး။ ပြီးတော့လည်း တို့ဆီလာတာတောင် သူ့သမီးကိုမခေါ်ခဲ့ဘူး။ မမကြီးဖြင့် သူစကားပြောတာ နားထောင်ရင်း မောလာတယ်။ အရေးပိုင်မင်း အရေးပိုင်မင်းတွေ ထပ်နေတာပဲ။ အရင်က သူ့ယောကျ်ားကို ကိုကိုလို့ ခေါ်တယ်မဟုတ်လား ခင်ခင်လေး"

"ဟုတ်တယ် မမကြီး၊ ခုခေတ်က ဖက်ရှင်၊ မိန်းမတွေတွေရင် ကိုယ့်ယောကျ်ားနာမည်ထက် ဂုဏ်ကို လူသိအောင် မင်းကြီးဆိုလည်း 'မင်းကြီးကလေ၊ မင်းကြီးကလေ'လို့ပြောရတယ်။ ဝန်မင်းဆိုလည်း ဝန်မင်းက ဘယ်သို့ ဘယ်ညာ ပြောရတယ် မမကြီးရဲ့"

"ဟားဟား ရယ်စရာကောင်းလိုက်တာဟယ်၊ ငါလည်း ဒါကြောင့် အပျိုကြီးဖြစ်နေတာပဲ"

မမကြီးသည် သူ့တစ်ယောက်တည်း ရယ်နေပြန်၏။

"ကျွန်မသမီးလေးသာ လောကမှာ ကျိုးကျိုးနွံနွံနဲ့ လိမ္မာလိမ္မာလေး ဖြစ်စေချင်တာပါပဲ"

ခင်ခင်လေးသည် မမကြီးအား တစ်လုံးချင်း ပြောနေ၏။ မမကြီးသည် ရယ်နေရာမှ သူ့ညီမကို အံ့အားသင့်သလို ကြည့်နေ၏။

"အေးဟေ့ ငါ့ညီမ ဒါတွေ တွေးလာပြီကိုး။ တွေးရမယ် တွေးရမယ်။ ဟုတ်တယ် ခင်ခင်လေးဟာ ခင်ခင်လေးမဟုတ်တော့ဘူး။ ကလေးတစ်ယောက်မိခင် ဒေါ်ခင်ခင်လေးဖြစ်လာပြီ သိလား"

မမကြီးစကားကို နားထောင်ရင်းပင် ခင်ခင်လေးသည် သူ့သမီးကို ပြန်၍တွေး၏။

ကိုအောင်မြင့်သည် တော်တော်နောက်ကျမှ ရောက်လာ၏။ မနက်မမွေးခင်ကတော့ သူသည် မွေးခန်းအပြင်ဘက်မှာ ရှိ၏။

"ခင်လေးရာ သည်နေ့မှ အလုပ်များလိုက်တာကွယ်။ ဒါပေမယ့် ဘာမှလုပ်လို့မရဘူး။ ကိုယ်ရင်တွေလေ တုန်နေတယ်သိလား၊ လက်ကလည်း ဖောင်တိန်ကိုတောင် ကိုင်လို့မရဘူး။ မွေးခန်းအပြင်ဘက်မှာ ကိုဖြင့် အသက်တောင် မရှူရဲသလိုပဲ။ ခုတောင် ရင်က တုန်ချင်တယ်။ ခင်လေး သည်မှာကိုင်ကြည့်စမ်း..."

ကိုသည် ခင်ခင်လေးကို အားရဝမ်းသာပြောရင်း ခင်ခင်လေးလက်ကို ဆွဲ၍ သူ့ရင်ကို ကပ်ပြ၏။

"ကိုတို့သမီးလေးကလည်း တော်တော်ချောတာနော်။ ပါးလေးတွေကကွယ် ပေါင်မုန့်ဖုတ်ပြီးစလို နွေးနွေးပုံ့ပုံ့ကြီးတွေနော်"

ခင်ခင်လေးရော မမကြီးပါ ကို့ကို ဝိုင်း၍ရယ်ကြ၏။

*****

(၃)

သမီးလေး သုံးနှစ်လောက်တွင် ပို၍ချစ်စရာကောင်းလာ၏။ ခင်ခင်လေးက သူ့မေမေကို လေးစားသည့်အနေနှင့် သမီးလေးနာမည်ကို 'မိ'ဟု မှည့်၏။ ခင်ခင်လေး၏ မေမေနာမည်မှာ ဒေါ်မိမိဖြစ်၏။

မိ လှုပ်ရှားသွားလာသမျှသည် တစ်အိမ်သားလုံး၏ လှုပ်ရှားခြင်းပင်ဖြစ်၏။ တစ်အိမ်သားလုံး၏ ကမ္ဘာသည် မိပင် ဖြစ်၏။ မိရယ်လျှင် အားလုံးဝိုင်းရယ်၍ မိ နေမကောင်း၍ ညိုးနေလျှင်လည်း တစ်အိမ်လုံး ညိုး၍ မရယ်နိုင်တော့ပေ။

ကိုအောင်မြင့်သည် လောကတွင် မျှော်လင့်ချက်တွေ အများကြီးထားလာ၏။ ညနေပြန်ချိန်တွင်လည်း မိနှင့်ခြံထဲတွင် လမ်းလျှောက်သည်။ နေ့လည်က စိတ္တဒုက္ခ၊ ကာယဒုက္ခတွေမှာ အကုန်ပျောက်၏။

"ဩော်... သမီးလေးဟာ တကယ်တော့ စမ်းရေယဉ်ပဲ"

ခင်ခင်လေးသည် မိအတွက် ချုပ်ရ၊ လုပ်ရ၊ သန့်ရှင်းအောင် ဆောင်ရွက်ရနှင့် ငြိမ်နေရသည်မရှိပေ။

မနက်လက်ဖက်ရည်ဝိုင်းတွင်လည်း မိသည် အိမ်သားကြီးတစ်ယောက်ပမာ ပါဝင်ခဲ့၏။ မိသွက်သွက်လက်လက် စကားပြောတတ်ချိန်တွင် မိသည် သူ၏ဆန္ဒများကို တစ်ခုစီ ဖော်ပြစပြုလာလေသည်။

"ပေါင်မုန့်ကို အလယ်က အသားချည်းပဲ ပေးပါ"

မိစားဖို့အတွက် အလယ်ပေါင်မုန့်သားကို သတ်သတ်ပေးရ၏။ ပေါင်မုန့်ကို မီးကင်လျှင် မိကမကြိုက်၊ ပေါင်မုန့်အသားနုနုကိုမှ ကော်ဖီနှင့်သောက်၏။ မုန့်သေတ္တာမုန့်ဆိုလျှင်လည်း မိသောက်ရန်အတွက် ဟောလစ်ထဲတွင် စိမ်၍ထားရ၏။ မိသည် ပြော့ဖတ်၍ နူးညံ့လာမှ ဇွန်းနှင့်ခပ်၍ လျှာပေါ်တင်၏။ ကော်ဖီသောက်ပြီးချိန်တွင် ခြံထဲသို့ သူ့ဒေါ်ကြီးနှင့်အတူ ဆင်း၍လမ်းလျှောက်၏။

ခင်ခင်လေးသည် ကိုနှင့်စားပွဲတွင် ကျန်ရစ်ရင်း သူ့စိတ်ထဲတွင် တစ်ခုခုဖြစ်နေသလို တွေးနေ၏။

"မရွှေခင်လေး ဘာဖြစ်ပြန်ပလဲ"

"ဘာဖြစ်တယ်ရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် မိဟာမနုလွန်းဘူးလား"

"ဟင် ဘာဖြစ်တယ် ခင်လေး"

"သမီးလေးဟာ သိပ်ပြီး အနူးအညံ့အသက်အသာကို ကြိုက်တာပဲ။ ဒါကြောင့်မနုလွန်းဘူးလားလို့ အမြဲပဲ မုန့်တောင် မကိုက်ချင်ဘူး။ သူ့လျှာပေါ်မှာ အရည်ပျော်သွားတာမျိုးကိုမှ စားတယ်။ ပြီးတော့ မနက်ကလည်း မျက်နှာသစ်ပြီး ခင်လေးက ပေါင်ဒါရိုက်ပေးတယ်။ ပေါင်ဒါက 'ရပ်ဒလေ'သက်သက်မဟုတ်ဘူး။ သနပ်ခါးမှုန့်နည်းနည်းရောထားတယ်။ အဲဒါ ကြမ်းလို့ မလူးချင်ဘူးတဲ့ ငိုလို့ ပေါင်ဒါသက်သက်လူးပေးရတယ်"

"ကလေးကိုး ခင်လေးရဲ့၊ ဒါများကွယ် စိုးရိမ်စရာ မဟုတ်ပါဘူး"

"သည်လိုလေ သမီးလေးက လေးနှစ်ကျော်လာပြီ၊ သည်အတိုင်းသာသွားရင် သူက သက်တောင့်သက်သာနဲ့ နူးနူးညံ့ညံ့လေးတွေကိုပဲ အစဉ်ခံစားသွားချင်ရင် ဘယ့်နဲ့လုပ်မလဲ"

"အို သူ့ဘဝကလည်း ဘာများ ပင်ပန်းစရာရှိလို့လဲ ခင်လေးရယ်။ တို့များသည်တစ်ယောက်တောင် ကံစွပ်လို့ရတာ၊ နောင်ရဖို့ ခဲယဉ်းပါတယ်။ ဆရာဝန်ကလည်း ပြောတယ်မဟုတ်လား။ သည်တော့ ခုကိုတို့ရှာဖွေထားတဲ့ ပစ္စည်းနဲ့ဆို သမီးတစ်ဘဝတော့ အေးအေးလေး သွားနိုင်ပါတယ်"

"မဟုတ်ဘူးလေ ကိုရဲ့၊ ဘဝဆိုတာ အစဉ်ပဲ သာယာပြေပြစ်လိမ့်မယ်လို့ ဘယ်သူတာဝန်ခံနိုင်မလဲ။ သည်တော့ နောင်ခါဆင်းရဲတွေတွေ ချမ်းသာတွေတွေ ဒူပေနာပေခံနိုင်အောင် ခုကတည်းက လေ့ကျင့်ထားရကောင်းမလားလို့"

"အေးပေါ့ ခင်ခင်လေးစကားကတော့ ဆန်းသား၊ ဒါပေမယ့် ဒါလောက်ကလေးလေးကို လေ့ကျင့်ပေးရမှာကတော့ စောများစောလွန်းသလား။ ပြီးတော့ တို့များစိုးရိမ်လွန်းနေသလား။ အဲဒါလည်း တွေးကြည့်ရဦးမယ်"

ခင်ခင်လေးသည် ပြတင်းဘက်ကို ငေးနေ၏။ အပြင်တွင် နေခြည်များ အပူရှိန်နုသေးသည်။ ညက မိုးရွာထား၍ နံနက်ခင်းနေခြည်တွင် သစ်ရွက်များသည် စိမ်း၍ တောက်ပနေ၏။ ခင်ခင်လေးသည် စားပွဲမှထ၍ ပြတင်းမှာ သွားရပ်၏။ မြက်ခင်းပေါ်တွင် မိသည် ပြေးလွှား၍ ဆော့နေ၏။ တော်ပါသေး၏။ သူ့သမီးသည်

ပြေးဖော်ဆော့ဖော်ရ၏။ သို့သော် သမီးသည် သက်သာနူးညံ့မှုကို ဒါလောက် ကြိုက်သည်ကို သဘောမကျပေ။

အမှန်တော့ မိကိုအားလုံး ဝိုင်း၍ချစ်လာသောအခါ မိသည် ဤအိမ်ထောင်စုတွင် အရှင်သခင်လို ဖြစ်လာ၏။ မမကြီးအဖို့တော့ ခင်ခင်လေးသည် သူ၏ကြေးမုံပေပဲ။

"ဒေါ်ကြီး"ဟု မိခေါ်သံသည် သူ့အသည်းနှလုံးကို အစဉ်အေးမြစေ၏။ အိပ်ချိန်တွင်တောင် မိသည် ဒေါ်ကြီးနှင့်အတူ အိပ်၏။

မိုးကုန်စတစ်ညနေတွင် မမလတ်သည် ခင်ခင်လေးတို့အိမ်သို့ လာရောက်လည်ပတ်၏။ သမီးဖြစ်သူ မြင့်မှာ သူနှင့်အတူပါလာသည်။

မမကြီးသည် ညီမနှင့်တွေ့ရ၍ ဝမ်းသာသည့်အပြင် တူမချောကို မြင်သောအခါ ပို၍ဝမ်းသာမိ၏။

"မြင့်ကလည်းနော် သိပ်ထွားလာတာပဲ။ ခု မြင့်ရဲ့အသက် ဘယ်လောက်ရှိသွားပြီလဲ မလတ်"

"ဆယ့်သုံးနှစ်ကျော်သွားပြီ မမကြီးရဲ့"

မမကြီးသည် မြင့်၏တစ်ကိုယ်လုံးကို အသေးစိပ်ကြည့်၏။ နီ၍ကောက်သောဆံပင်ကို ဖဲကြိုးအပြာနှင့် သိုင်း၍ ချည်ထားလေသည်။ နှုတ်ခမ်းလေးတွေမှာ တွတ်တွတ်ရဲ၍ ပါးမို့လေးများသည် နှင်းဆီရောင်ပြေးနေသည်။ ဂျော်ဂျက်အပြာနုပါးပါးလေးနှင့် မြင့်အသားဝင်းဝင်းမှာ ပနာရလှသည်။ ခါးသေး၍ မြင့်သောဖိနပ်နှင့် ခြေထောက်များလှမ်းပုံမှာ ကြွကြွရွရွရှိ၏။

"ငါ့တူမတွေဟာ အပျိုဖြစ်ရင် အားလုံးချောမှာပဲ"ဒေါ်ကြီးသည် ဝမ်းထဲမှ တွေး၍ ကျေနပ်နေ၏။ ခင်ခင်လေးသာ အိမ်ထောင်ကျကျချင်း ကလေးရလျှင် ခုလောက်တွင် အသက် ၁၀ နှစ်တော့ ရှိနိုင်ပြီဟူ၍လည်း တွေးမိ၏။

မမလတ်သည် ညီမ၊ အစ်မများထဲသို့ အလည်အပတ်အလာနည်း၏။ ရောက်လာတိုင်းလည်းသူသည် ခင်ခင်လေးတို့ အိမ်ထောင်အကြောင်းထက် သူ့အိမ်ထောင်အကြောင်းကို ပို၍ပြောသည်။ သူပြောသမျှကို ခင်ခင်လေးသည် ငြိမ်၍နားထောင်နေရ၏။ အရေးပိုင်မင်းအကြောင်းမှာ ရာခိုင်နှုန်းပြည့်ပါ၏။ ဉယျာဉ်ပွဲအကြောင်းတွေ အပျင်းပြေသဖွယ် ပါလာတတ်၏။ သို့သော် စကားလုံးများသည် ထပ်လွန်းပြန်သောအခါ ခင်ခင်လေးသည် ငြီးငွေ့၍လာ၏။

သူတို့အိမ်တွင် ပြုလုပ်သော မြက်ခင်းပေါ် လက်ဖက်ရည်ပွဲနှင့် ညစာစားပွဲအကြောင်းသည် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှ၏။ မင်းကတော်တို့၏ ဝတ်ပုံစားပုံကို အသေးစိတ်မြင်တတ်သော မမလတ်မျက်စိသည် အံ့ဩစရာပင်။

"ဘယ်လိုဟာမတွေလဲ မသိပါဘူး။ ဘော်လီလက်ကြီးကလည်း ရှည်သေး၊ ပြီးတော့ အပေါ်က အင်္ကျီက ဇာနားမှာ အပေါက်တွေနဲ့၊ မင်းကတော် ခင်ခင်စိန်က အသည်းဆုံး၊ သည်းမှာပေါ့ သူက ရေဝန်ရုံးက အတွင်းဝန်ကလေးကို ဖမ်းနေတာကလား..."

mmcybermedia.com

မမလတ်ပြောပုံသည် အားရပါးရရှိ၍ ပိုပက်စက်လာ၏။

"ကောင်မတွေ မျက်လုံးကိုက အိမ်က အရေးပိုင်မင်းကို ကြည့်တာတောင် ခပ်ညှုညှု သိလား"

အရေးပိုင်မင်းအကြောင်း စကားစလာပြန်လေသည်။ သူ၏ပါတီသို့ တက်လာသော ကတော်တို့သည် များသောအားဖြင့် မကောင်းပေ။ ဘယ်သူ့ကောင်းကြောင်းကိုမှ မမလတ်သည် မပြောပေ။

"မင်းကြီး ဦးကြာဖံသမီးအကြောင်းလည်း ကြားပြီးပြီလား။ အိမ်က မြင့်ဆီကိုတောင် မလာရဲတော့ဘူး။ မိန်းကလေးတွေကိုက ပျံတန်တန်"

ခင်ခင်လေးသည် မင်းကြီးဦးကြာဖံကိုလည်း မသိ၊ ဦးကြာဖံ၏သမီးကိုလည်း မသိ၊ ဒါလောက် သူတစ်ပါးသားသမီးအကြောင်း ခရေစေ့တွင်းကျ ပြောနေသည်ကိုလည်း ခင်ခင်လေးက စိတ်ပျက်လာ၏။ ပြီးတော့ ပြောသည့်အထဲတွင်လည်း မြင့်မှတစ်ပါး ကျန်အရာရှိသမီးများသည် အပျိုမစစ်ကြပေ။ ဖြစ်မှဖြစ်ရလေခြင်း၊ နစ်ပါးသွားအခန်းများကို ပြောရလျှင် မမလတ်သည် ပို၍နိုင်နင်း၏။

ခင်ခင်လေးသည် နားထောင်နေရာမှ ထသွား၍ နေ့လယ်စာအတွက် ပြင်ဆင်နေသည်။ နောက်တစ်ခေါက် ဧည့်ခန်းကို ပြန်ဝင်လာချိန်တွင်မူ မမလတ်သည် မိန်းကလေးတွေ ပျံကြောင်း၊ နံ့ကြောင်းကို မပြောတော့။ သူ၏ အရေးပိုင်မင်း ကြိုက်နစ်သက်သော ရိုးတိုက်မှ ဖန်ပြာခွက်များအကြောင်းကို ရောက်၍လာပြန်၏။

ထုံးစံအတိုင်း 'အရေးပိုင်မင်း'ကို ပါးစပ်နှင့်တစ်လုံးတစ်လုံး အပြည့်ပြော၏။ မမကြီးသည် အရေးပိုင်မင်းအကြောင်းကိုတော့ နားမထောင်လိုတော့ပေ။

"မြင့်ကို ဘာလို့ကျောင်းနှုတ်လိုက်လဲ"

မမကြီးက စကားစကို ဝင်၍ဖြတ်လိုက်၏။

"သည်နှစ်ပဲ ခုနစ်တန်းအောင်လို့ နှုတ်လိုက်တယ်"

"ဆက်ထားပါလား မလတ်ရယ်"

"မဖြစ်ပါဘူး။ မိန်းကလေးပဲ သည်လောက်တတ်ရင် တော်ပါပြီ"

ခင်ခင်လေးသည် ကော်ဖီကိုငုံ့ပေးရင်း ငြိမ်၍နားထောင်နေ၏။ စိတ်ထဲမှာလည်း သမီးလေး ငါးနှစ်ရောက်လာ၍ ကျောင်းထားဖို့ စဉ်းစားမိ၏။ မြင့်ကမူ မိနှင့်သွား၍ ကစားနေ၏။

"ကျွန်မသမီးက တခြားလူနဲ့တူတာ မဟုတ်ဘူး။ ရုပ်ကလည်း သိပ်ချောတာ မမကြီးရဲ့။ ကျောင်းမှာထားရတာ အန္တရာယ်များတယ်။ ပြီးတော့ သူက သိပ်နုတာ၊ သူများနဲ့တူတာမဟုတ်ဘူး။ အရေးပိုင်မင်းကလည်း သူ့သမီး အရွယ်ရောက်စပြုလာတော့ စိတ်မချဘူး။ မြင့်က တခြားလူတွေလို မဟုတ်ဘူး။ ပိုးတဲ့လူတွေက သိပ်ပေါတာ"

စကားလုံးဆယ်လုံးတွင် "သမီးက တခြားလူနဲ့ တူတာမဟုတ်ဘူး"ဆိုသောစကားမှာ ခုနစ်လုံးခန့်ပါ၏။ ကြာတော့ မမကြီးသည် သူ့ညီမနှင့် စကားပြောရသည်ကို ငြီးငွေ့လာ၏။

ခင်ခင်လေးသည် ရုတ်တရက် ကရားကို လက်မှလွှတ်ချရင်း...

"မြင့်အပျိုဖြစ်ပြီလား"ဟု အလန့်တကြား မေးလိုက်၏။

"ဟုတ်တယ် ဖြစ်ပြီ ၁၄ နှစ်ထဲ ဝင်စကတည်းက"

"အိုး..."

ခင်ခင်လေးမှာ သူ့အတွေးနှင့်သူ အံ့ဩလိုက်ခြင်းဖြစ်၏။ အမှန်တော့ မြင့်သည် သက်တမ်းအလျောက် အပျိုဖြစ်လာခြင်းမှာ အံ့ဩစရာမဟုတ်ပေ။ သို့သော် ခင်ခင်လေးအတွက်မှာမူ သူ့သမီးမရှေမိသည်လည်း တစ်နေ့သောအခါတွင် အပျိုဖြစ်လာဦးမှာပါကလားဟူသော အတွေးက ရင်ထဲမှာ ဝင်၍ဆောင့်လိုက်သောကြောင့် "အိုး"ဟူသော အသံထွက်လာခြင်းဖြစ်၏။

မမလတ်မှာ မမကြီးနှင့် စကားလက်ဆုံကျနေ၏။ သူ့အိမ်က ရွှေရောင်ခန်းဆီးများအကြောင်း၊ ကြာပွင့်ဖော်ကြွေအိုးများအကြောင်း၊ ရေညှိရောင်ဆိုဖာအကြောင်းများကို ရေပက်မဝင်အောင် မမလတ်ပြောနေ၏။ ခင်ခင်လေးကမူ သူပြောသမျှ ဘာမျှ မကြားပေ။

မမလတ်စကားလုံးထဲတွင် မြင့်၏လိမ္မာရေးခြားရှိပုံနှင့် တော်ပုံများကလည်း တစ်ပုံကြီးပါလိုက်သေး၏။ မြင့်အား တိုင်းမင်းကြီးသမီးများ၊ အတွင်းဝန်၏သမီးများကလွဲ၍ ဘယ်သူနှင့်မျှ မတွဲစေကြောင်းကိုလည်း ပါလိုက်သေး၏။

ခင်ခင်လေး ခေါင်းထဲတွင်မူ မိတစ်ယောက်ကိုပဲ တွေး၍နေပေသည်။

*****

(၄)

"မိ ကျောင်းနေရတော့မယ်"

မမကြီးသည် မိအတွက် ဂါဝန်အပြာလေးကို ချုပ်နေရင်းပြော၏။

"မိ ကျောင်းနေရတော့မယ်"

မိသည်ဒေါ်ကြီးကို ပြန်မေးလိုက်၏။ သူ့ပါးစပ်လေးသည် ကျဉ်းကျဉ်းနှင့် နှုတ်ခမ်းပါးလေးဖြစ်၏။

"ကျောင်းကို ဒေါ်ကြီးလည်းလိုက်ရမယ်"

"လိုက်မှာပေါ့။ သမီးနဲ့အတူတူ စာလိုက်သင်မှာပေါ့"

"ကျောင်းမှာစာသင်ရမယ်လား"

မိသည် စာအကြောင်းကိုတော့ ဘာမျှမသိပေ။

သို့သော် မနက်တိုင်း မြေနီလမ်းပေါ်တွင် ဒေါ်ကြီးနှင့်တူတူလျှောက်၍ ကျောင်းသွားရသည်ကို မိက ပျော်၏။ ကျောင်းဘေးရှိ ပန်းပင်များအနီးတွင် လိပ်ပြာလေးများနှင့်အတူ ပြေးလွှားရသည်ကိုလည်း မိကနှစ်သက်၏။ မိ နေသောကျောင်းမှာ ခရစ်ယာန်ဆရာမတစ်ဦး၏ ကိုယ်ပိုင်ကျောင်းလေးဖြစ်၏။ မိကို အခြေခံရအောင် အပျော်သဘောမျိုးနှင့် ကျောင်းလေးမှာ ထားချင်၏။ ကျောင်းလေးမှာ အိမ်နှင့် မနီးမဝေး အင်းလျားကန်စောင်းမှာပင်ဖြစ်၏။

ကျောင်းမှာ လေးတန်းအထိရှိ၍ ထိုကျောင်းကထွက်မှ မြို့ထဲသို့ ပြောင်းထားရန် ခင်ခင်လေးက စီစဉ်ထားသည်။

မိ ကျောင်းဆင်းလာချိန်တွင် ခင်ခင်လေးသည် ခြံဝက အမြဲကြိုရ၏။ ယနေ့မှာမူ မိသည် သူ့ကိုဆီးဖက်ရင်း တစ်ခုခု အလိုမကျသလို ဖြစ်နေသည်။

"သမီးလေး သည်နေ့ဘာတွေသင်ရလဲ မေမေ့ကို ပြောပြနော်"

"ပြောပြမှာပေါ့၊ မိ နာမည်ပြောင်းချင်တယ် မေမေ"

"အိုး... သမီးလေးနာမည်လှသားနဲ့ကွယ်"

"ကျောင်းမှာ တီချားခေါ်တဲ့ နာမည်လေးတွေကလှတယ် မေမေရဲ့။ အိုင်းရစ်၊ အော်လစ်ဗ်တဲ့၊ ပြီးတော့ မိ အနားက မိန်းကလေး ပဂ္ဂီတဲ့၊ ရှိစီလည်း ရှိတာပဲ၊ မိ နာမည်လည်း 'မေရီနိုင်လူ'လို့ ပြောင်းချင်တယ်"

"ဟားဟား" ခင်ခင်လေးသည် ရယ်လိုက်၏။

"မမကြီးရေ မရွှေမိ တတ်လာလိုက်တာတွေ ကြည့်စမ်းပါဦး၊ သူ့နာမည်ကို မေရီနိုင်လူလို့ ပြောင်းချင်တယ်တဲ့"

မမကြီးသည် အင်္ကျီများကို သိမ်းရင်းမှ သူတို့အနားကို ရောက်လာ၏။

"ကျောင်းမှာက အားလုံး ခရစ်ယာန်နာမည်တွေပဲ မဟုတ်လား။ သည်တော့ သူလည်း အားကျတာပေါ့"

ခင်ခင်လေးသည် မိကို ပေါင်ပေါ်ပွေ့၍တင်လိုက်၏။ မိသည် ခင်ခင်လေး လည်ပင်းကို ဖက်ရင်း...

"ပြီးတော့ မေမေရဲ့၊ သူတို့က အမေကို မာမီတဲ့၊ အဖေကို ဒက်ဒီတဲ့၊ တီချာကလည်း ပြောတယ်၊ သည်လိုပဲ ခေါ်ရမယ်တဲ့"

ခင်ခင်လေးသည် မိ၏ နှုတ်ခမ်းပါးပါးလေးကို သူ့ပါးနှင့်ဖိလိုက်၏။

"သမီးလေးက မြန်မာ၊ သူတို့က အင်္ဂလိပ်တွေ၊ ကုလားတွေကွယ့်။ အဲသည် အော်လစ်ဗ်တို့၊ စန်သီရာတို့၊ မဂ္ဂီတို့က အင်္ဂလိပ်တို့ ဘာတို့မှ မှည့်တယ်။ သမီးက မြန်မာဆိုတော့ မြန်မာလိုပဲ မှည့်ရတယ်။ သမီးနာမည်လေးက 'မိ'ဆိုတာ သိပ်ချစ်စရာကောင်းတာပဲ၊ ရှေးရှေးတုန်းက မင်းသမီးလေးတွေနာမည်က ချစ်လို့ခေါ်ရင် 'မိ'လို့ခေါ်တယ်"

မိသည် သူ့နာမည်မှာ မင်းသမီးလေးနာမည်နှင့် တူသည်ဆို၍ ကျေနပ်သွား၏။

"ပြီးတော့လည်း သမီးက မေမေတို့ကို မေမေ၊ ဖေဖေပဲခေါ်ရတယ်။ အင်္ဂလိပ်တွေမှ ဒက်ဒီ၊ မာမီလို့ ခေါ်တာ"

မိသည် ဘာမှမပြောတော့ဘဲ ကစားရန် ပြေးထွက်သွား၏။ ခင်ခင်လေးရင်ထဲမှာမူ အလွန်မော၍ နေ၏။ သူ့ဒေါ်ကြီးကို လှမ်း၍ကြည့်ရင်း...

"မမကြီးရေ မိကို ကျောင်းထားလို့ ကောင်းပါ့မလား..."

"ဘာဖြစ်လို့လဲ ခင်ခင်လေး၊ စာအသင်အပြတော်သားပဲ"

"တော်တော့ တော်ပါရဲ့၊ ဒါပေမယ့် ကြာရင် သူတို့ဓလေ့ထုံးစံတွေ သမီးလေးကို လွှမ်းလာမှာ၊ ခုတောင် ခရစ်ယာန်နာမည်တွေကို အတော်ကြိုက်နေပြီ"

"ဒါက မိဘတွေ ပဒါနပါ ခင်ခင်လေးရယ်။ အိမ်က မိဘက အသွန်အသင်ကောင်းရင် ကလေးဟာ ကိုယ့်ဓလေ့ ထုံးစံကို မမေ့ပါဘူး"

ခင်ခင်လေးသည် မမလတ်သမီး မြင့်ကို သွားသတိရ၏။

"မမလတ်သမီးကျတော့ ခုနစ်တန်းအထိပဲ ထားတယ်။ ဒါတောင် ခုထိ နေပုံထိုင်ပုံက အနောက်သိပ်ဆံတာပဲ မဟုတ်လား။ အဖေလုပ်တဲ့လူက သိပ်ချုပ်ချယ်လို့ နို့မို့ရင် အပြင်မှာ ဘယ်လောက်ခေတ်ဆန်လိုက်မလဲ"

"ဒါတော့ မပြောနဲ့ ခင်ခင်လေး၊ မရွှေလတ်က သမီးကို အိမ်ထဲကသာ အိမ်ပြင်မထွက်စေရတာ၊ အနောက်ဓလေ့ထုံးစံကျတော့ သူက ဘိုကတော်ထက် သဲသေးတာ၊ မြင့်အဖြစ်တောင် နည်းသေးတယ်"

"အင်းလေ တစ်နေ့ မိရွှေခင်ခင်လေးတစ်ယောက် အသွန်အသင်မကောင်းလို့ မိတစ်ယောက် ပျက်စီးရတယ်ဆိုတာတော့ အဖြစ်မခံချင်ဘူး မမကြီး"

"ဒါတော့ ဝိုင်းဝန်းပြီး ကြိုးစားရမှာပဲ၊ တခြား မြန်မာကျောင်းတွေက သိပ်ဝေးနေတယ် မဟုတ်လား"

ခင်ခင်လေးသည် ပင့်သက်ရှူရင်း ငြိမ်ငြိမ်မထိုင်နိုင်ပေ။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်၏။ မရွှေခင်ခင်လေးနှင့်တော့ မိခင်ဘဝတွင် နဖူးတွေ့ဒူးတွေ့ တွေ့ကြလေပြီ။ မျက်နှာမြင်တုန်းက နာကျင်ရခြင်း၊ ဝေဒနာခံစားရခြင်းတို့သည် တကယ်တော့ ကြီးသောဒုက္ခမဟုတ်ပေ။ ပင်ကိုကျုန်းမာလျှင် ကလေးမွေးရခြင်းသည် ထမင်းစားရေသောက်လို လွယ်ကူလှ၏။ ဆေးလည်းကုနိုင်၏။

ကလေးတစ်ယောက် ဝမ်းကကျွတ်ချိန်မှစ၍ အရွယ်ရောက်သည်အထိ သားကောင်းသမီးကောင်းတစ်ယောက်ဖြစ်အောင် မွေးမြူရခြင်းကား မွေးဖွားရခြင်း၏ အဆတစ်ထောင်မက ခက်ပါကလား...။

"မေမေက ခင်ခင်လေးကို အဲဒါတွေ သင်ခဲ့ဖို့ကောင်းတယ်"

ခင်ခင်လေးက မမကြီးကို လှမ်းပြောပြန်၏။

"ဘာကိုသင်ခဲ့ရမှာလဲ ခင်ခင်လေး"

"ဩော်... ကလေးတစ်ယောက် ဘယ်လိုအုပ်ထိန်းရမယ်၊ ဘယ်လိုသွန်သင်ရမယ်၊ သားကောင်းအမိအဖြစ်ကိုရော၊ အမိကောင်းသားသမီးအဖြစ်ကိုရော၊ ဘယ်လိုဖြစ်အောင် လုပ်ရမယ်ဆိုတာ သင်ခဲ့ဖို့ ကောင်းပါတယ်"

"သင်ခဲ့ပါတယ် ခင်ခင်လေးရယ်၊ သင်ခဲ့လို့ပဲ သူ့သမီးတွေဟာလည်း ဘေးမသီရန်မခဘဲ ခုချိန်ထိ ကြီးပြင်းလာခဲ့ကြတာပေါ့"

"အင်း... ဟုတ်မှာပါပဲလေ"

ခင်ခင်လေးသည် ဝန်ခံမိပြန်၏။ ကို ပြန်လာချိန်တွင်လည်း ခင်ခင်လေးသည် မိ၏ အပြောင်းအလဲများကို ပြောပြမိပြန်၏။

မိကလည်း ပြောင်းလဲသည်မှ အတော်ကို ပြောင်းလဲ၏။ ခြောက်နှစ်ရွယ်လေး ရေချိုးနေစဉ်တောင်မှ မရွှေစာသည် ဆိုနေကျမြန်မာသီချင်းကို မဆို၊ အင်္ဂလိပ်သီချင်းကိုမှ ငြီးတတ်သည်။

ကိုအောင်မြင့်က ကလေးအတွက် မိဘသာ ပဓာနဟု ဆိုထားသဖြင့်သာ ခင်ခင်လေးသည် သူ့ဆန္ဒကို လက်လျှော့လိုက်ရ၏။

မိ လေးတန်းအောင်၍ ကျောင်းပြောင်းရချိန်တွင်လည်း ခင်ခင်လေးသည် စိတ်မချလှပေ။ ကုက္ကိုင်းအိမ်မှာ ကျောင်းသွားကျောင်းပြန် ဝေး၏။ ကားမှာလည်း ကိုအောင်မြင့် အလုပ်က အချိန်မမှန်၍ မိအတွက် အမြဲတမ်း မစီစဉ်နိုင်ပေ။ ထို့ကြောင့် မြို့ထဲရှိ အင်္ဂလိပ်မယ်သီလရင်ကျောင်းသို့ မိအား ကျောင်းအိပ်ကျောင်းစား ပို့လိုက်ရ၏။ မိသည် အင်္ဂလိပ်စကားကို

သွက်သွက်ပြော၏။ တစ်ခုတော့ စိတ်ချမ်းသာရသည်။ အိမ်တွင် ဘုရားမှန်မှန် ရှိခိုးပြီးမှ အိပ်၏။ ခင်ခင်လေးသည် မင်္ဂလာသုတ်ကိုရအောင် သမီးလေးအား နှုတ်တက်သင်ပေးရ၏။

*****

(၅)

"ဟယ်လို မာမီ"

ဘုရား... ဘုရား ခင်ခင်လေးသည် တယ်လီဖုန်းကိုင်ရင်း လက်ဖျားတုန်သွား၏။

"သမီးလေးလား"

"ရက်စ် မာမီ၊ သည်နေ့ညနေ အိမ်ပြန်ချင်လို့ ဒက်ဒီကို အခေါ်လွှတ်ပါ။ ညကျရင်လည်း ပစ်ချာပြရမယ်"

"အေးအေး အခေါ်လွှတ်လိုက်မယ် သမီး"

"ချဲရီယို မာမီ"

ခင်ခင်လေးသည် စကားပြောခွက်ကို ရုတ်တရက် မချနိုင်သေးဘဲ ကြောင်၍ နေမိ၏။ တစ်ဖက်မှ အင်္ဂလိပ်လို သွက်လက်စွာ နှုတ်ဆက်သွားသော သမီးလေးအသံမှာ နားထဲက မထွက်ပေ။ ဖြေးဆေးစွာ ချလိုက်ရင်း ကိုအောင်မြင့် စာဖတ်နေရာသို့ လျှောက်လာ၏။ ယနေ့မှာ စနေနေ့ဖြစ်၍ မိက တယ်လီဖုန်းဆက်ခေါ်ခြင်း ဖြစ်ပေသည်။

"ကိုရေ"

"ဟင်"

"သမီးလေးဆီက ဖုန်းဆက်တယ်။ သမီးက ခင်ခင်လေးတို့ကို မာမီ၊ ဒက်ဒီဆိုပါလား၊ အိမ်တုန်းက သင်ထားတာတွေ သူမေ့ကုန်ပြီ ထင်ပါရဲ့"

"ကျောင်းမှာက တခြားသူတွေ ပြောနေတာကိုး။ သည်လိုကျောင်းတွေမှာ ထားရင် သည်လိုပဲ ဖြစ်မှာပဲ ခင်ခင်လေးရယ်"

"မြန်မာကျောင်းကောင်းကောင်း စဉ်းစားစမ်းပါ ကိုရယ်၊ တကယ်လို့များ သမီးလေးဟာ သူတို့အလေ့အထတွေ သိပ်ဝင်ပြီး အနောက်သိပ်ဆန်သွားမှဖြင့် ခင်ခင်လေးရည်ရွယ်ချက်တွေဟာ အလကားဖြစ်တော့မှာပဲ"

ခင်လေးသည် ထိတ်လန့်တုန်လှုပ်သလို ဖြစ်နေ၏။ ကိုအောင်မြင့်သည်လည်း ဖတ်လက်စစာအုပ်ကို ဘေးသို့ ချလိုက်၏။

"ခု သမီးက ဘာလုပ်မလို့ ဖုန်းဆက်တာလဲ"

"ညနေကျရင် ရုပ်ရှင်ကြည့်ချင်လို့ လာခေါ်ပါတဲ့"

"သွားခေါ်တာပေါ့၊ သိပ်စိတ်ပူမနေပါနဲ့ ခင်လေးရယ်။ ကျောင်းပိတ်တဲ့အချိန်တွေကျတော့ သူ့ကို ပြုပြင်ရတာပေါ့။ ပြီးတော့ မိက ငယ်ပါသေးတယ်"

"အဲသည် ငယ်ငယ်လေးမို့လို့ ပိုပြီးစိုးရိမ်တာပေါ့။ သည်အရွယ်မှာမှ ပုံမသွင်းရင် ဘယ်အရွယ်မှာ သွားပြီး ပုံသွင်းလို့ရမလဲ။ စိတ်ထဲမှာ အလွန်စိုးရိမ်နေတာကတော့ မိဘ ဘိုးဘွားအစဉ်အဆက်ရဲ့ ဓလေ့ထုံးစံ ယဉ်ကျေးမှုတွေကို ကလေးဟာ အထင်သေးသွားမှာစိုးတယ်"

မိဘဖြစ်သူနှစ်ဦးသည် အတွေးကိုယ်စီနှင့် ငြိမ်သက်၍နေကြပြန်သည်။ ညနေမှ မိပြန်ရောက်ချိန်တွင်မူ တစ်အိမ်လုံးသည် ချူတစ်ရာလောက် တစ်ပြိုင်နက် လှုပ်ဆွဲလိုက်သလို ဆူဆူညံညံနှင့် အသက်ဝင်လာ၏။ မမကြီးမှာလည်း မိအတွက် ဟင်းများကို အထူးချက်ပြုတ်နေပြန်၏။ မိသည် ဝက်သားသွတ်ထားသော အာလူးကတ်တလိတ်ကို အထူးကြိုက်၏။

ခင်ခင်လေးသည် မီးဖိုချောင်ကို ဝင်ကြည့်မိ၏။

"ဒါလောက်ငယ်တဲ့ ကလေးလေးအတွက် အထူးသီးသန့် ချက်ပြုတ်နေရတာကတော့ နည်းနည်းချဲ့လွန်းတယ် ထင်ပါရဲ့"

သူသည် စိတ်ထဲမှ ရေရွတ်မိ၏။ အိမ်ရှေ့ဘက်ပြန်ထွက်ချိန်တွင်မူ ရေချိုးခန်းမှ မိ သီချင်းသံသည် တစ်အိမ်လုံးကို လွှမ်းနေ၏။

မိသည် ဆွဲ၍ဆွဲ၍ ဆို၏။ ခင်ခင်လေးသည် ဧည့်ခန်းထဲမှ ဆိုဖာတွေကို တစ်ခုစီ စေ့သွားမတတ် ပြောင်း၍ပြောင်း၍ ထိုင်၏။ သီချင်းသံ တိတ်သွားပြန်၏။ ခင်ခင်လေးသည် သူ့အတွေးနှင့်သူ နစ်နေ၏။ သူ့အနားတွင် စူးရှသင်းပျံ့သော ပေါင်ဒါနံ့သည် မွှေးလာမှ သူသည် ပတ်ဝန်းကျင်ကို သတိရလာ၏။ သူ့ဘေးတွင် မိသည် လှပစွာ ဝတ်စား၍ ရပ်နေ၏။ မျက်နှာသည် ဖွေးနကာ ပါးစုံနှစ်ဖက်သည် မို့မို့ဖောင်းဖောင်းကလေး ဖြစ်နေ၏။ ဆံပင်ကိုမူ ကျစ်ဆံမြီးကျစ်၍ အရှည်လိုက်ချထား၏။

“မာမီရေချိုးခန်းထဲမှာ ကြွေရေသုတ်တဲ့ (         )ဘေစင်ထားပါ။ ဒါမှ ရေချိုးလို့ကောင်းတယ်။ အိုင်လေ အတန်းထဲမှာ ဖတ်စ်ရတယ်သိလား။ အိမ်နေရင်း ဝတ်ဖို့ ဂါဝန်လှလှလေးတွေလည်း ချုပ်ပေးပါဦး မာမီရယ်။ ပြီးတော့ သနပ်ခါးက သိပ်ညစ်ပတ်တာပဲ၊ အိုင် မကြိုက်ဘူး။ ပေါင်ဒါများများ ဝယ်ပေးပါ”

ခင်ခင်လေးသည် ပါးစပ်အဟောင်းသားနှင့် အေးနေ၏။

“အိမ်ပြန်ရောက်ရင် ခုလိုပဲ ထဘီနဲ့ အင်္ကျီပဲ ဝတ်ရမယ်။ စကားပြောရင် ‘မိ’လို့ပြောပါ သမီးရယ်။ အိုင်လေ အိုင်လေနဲ့ မလုပ်စမ်းပါနဲ့၊ အင်္ဂလိပ်စကားပြောရတဲ့အခါကျတော့ အင်္ဂလိပ်လိုကြီး ပြောပေါ့”

မိသည် နှုတ်ခမ်းလေးကို စုံ့စုံ့လေး စူလိုက်၏။ နောက်ဖေးချောင်သို့ လှည့်ဝင်သွားရင်း ဒေါ်ကြီးကို ပြေး၍ ဖက်လိုက်၏။

“မာမီဟာ သိပ်ဆူတတ်တာပဲနော်”

ဒေါ်ကြီးကမူ ပြုံးမြဲပြုံးနေ၏။ ညစာထမင်းဝိုင်းတွင် မိသည် စကားကို သတိထားပြောနေရ၏။ ခင်ခင်လေးကလည်း သူ့ကိုယ်သူ အသက်ခြောက်ဆယ်ကျော် အဘွားကြီးလို ဟန်ပန်နှင့် နေ၏။ ကိုကမူ သည်သားအမိ ဘာဖြစ်နေပါလိမ့်ဟူ၍ နားမလည်သလို ကြည့်နေ၏။

မိသည် ပန်းကန်ထဲမှ အာလူးကတ်တလိတ်ကို ကျင်လည်စွာ ဓားနှင့်လှီးဖြတ်ရင်း စားသောက်နေ၏။

“ဒက်ဒီကို ပြောရဦးမယ်”

မိသည် ဒက်ဒီဘက်လှည့်ရင်း…

“မိ ဆံပင်ကောက်ချင်တယ်”

ကိုသည် ပြုံး၍ ခင်ခင်လေးကို လှည့်ကြည့်၏။ ခင်ခင်လေးသည် စူးရှသော မျက်လုံးများနှင့် မိကို လှမ်းကြည့်၏။ ကို့စိတ်ထဲတွင်မူ ခင်ခင်လေးသည် ၁၁ နှစ်သာသာ ရှိသေးသော ကလေးတစ်ယောက်ကို သည်လိုမကြည့်သင့်သေးဟူ၍ ထင်၏။

“သမီးရဲ့ဆံပင်လေးတွေဟာ နွယ်ပြီးတော့ ပျော့ကျနေတာ ဘယ်လောက်လှလဲ၊ ပြီးတော့ နက်ပြီးချောနေတာပဲ”

“ဟင် နက်တာ လှတယ်၊ နီနီကောက်ကောက်မှ လှတာ မာမီရဲ့၊ ကျောင်းမှာ အားလုံးလိုလို ကောက်တာပဲ”

ခင်ခင်လေးသည် ပင့်သက်ရှူမိ၏။ အလှအပတွင်တောင်မှ သူ့သမီးလေးသည် အနောက်၏အလှကို ပို၍ အရေးပေးနေပါပကော။

ညပွဲရုပ်ရှင်ကြည့်နေရပေမယ့် ခင်ခင်လေးစိတ်များသည် စိုးရိမ်သောကများသာ လွှမ်းနေ၏။ ည၌အိပ်ချိန်တွင် ခင်ခင်လေးသည် မမကြီးအိပ်ခန်းသို့ ရောက်သွား၏။ အိပ်ခန်းထဲတွင် မိသည် အဝတ်လဲရင်း ဒေါ်ကြီးနှင့်စကားပြောနေ၏။

"မာမီက ကပ်စေးနည်းလိုက်တာလွန်ရော၊ အိမ်နေရင်းဝတ်ဖို့ ဂါဝန်လှလှလေးတွေ ချုပ်မပေးဘူးတဲ့"

"သမီးက ကြီးလာလို့ ချုပ်မပေးတာပါ။ အပိုတွေ ချုပ်တော့ ခင်ခင်လေးတို့မှာ ပိုက်ဆံကုန်တာပေါ့"

ဒေါ်ကြီးသည် မိအဝတ်များကို သိမ်းဆည်းရင်း တူမကို လှမ်းပြော၏။

"ပိုက်ဆံက မပူရပါဘူး။ ဘုရားသခင်က အားလုံးကို ဖန်ဆင်းတာပဲ၊ ပိုက်ဆံမရှိလည်း ဘုရားသခင်က ပေးမှာပေါ့"

"ဘုရားရေ"

ဒေါ်ကြီးသည် ပါးစပ်ဟင်းလင်း ဖြစ်သွား၏။

"မရွှေမိ ရှင့်မေမေရှေ့မှာ သည်စကားတွေ မပြောနဲ့၊ တစ်ခါတည်း ကျောင်းက ထွက်ရလိမ့်မယ်"

ခင်ခင်လေးသည် အခန်းထဲမှာ ပြောနေသံတွေကို အကုန်ကြား၏။ တံခါးဝတွင် ရပ်နေသောအခါမှာမူ မိသည် ငြိမ်၍ တိတ်နေ၏။

"မိ ဘုရားရှိခိုးနော်"

မိသည် ခင်ခင်လေးကို တစ်ချက်လှမ်းကြည့်၍ ဘုရားရှိခိုးရန် ခုတင်ပေါ်တွင် ကျုံ့ကျုံ့ထိုင်၏။ သမီးဖြစ်သူ ဘုရားရှိခိုးများကို အစီအစဉ် ကျကျနန ရွတ်နေသည်ကို မြင်ရ၍ ခင်ခင်လေးရင်ထဲမှာ အေးသွား၏။

"မမကြီး အိပ်ခါနီးရင် သူ့ကို ပုံပြောလိုက်ပါ မမကြီးရယ်။ ပုံတွေက မြန်မာရာဇဝင်ထဲကနဲ့ ဘုရားဟော ပုံတွေများများ ပြောပါ"

ခင်ခင်လေးသည် သမီးလေးကို တစ်ချက်လှမ်းကြည့်၍ အသာထွက်သွား၏။ မမကြီးကမူ ခင်ခင်လေးသည် မိကို တိုက်ရိုက်မဆက်ဆံခြင်းအတွက် အံ့သြ၍နေ၏။ မိသည် ဘုရားရှိခိုးအပြီးတွင် ဒေါ်ကြီးရင်ခွင်ထဲသို့ ဝင်၍ခွေ၏။

"မာမီ ထွက်သွားပလား။ ဂွတ်နိုက် (GOOD NIGHT)တောင် နှုတ်မဆက်ရသေးဘူး"

မမကြီးက ရယ်ချင်၏။ မအေက မြန်မာဆံချင်လိုက်သည့်ဖြစ်ခြင်း၊ သမီးကလည်း မြန်မာပြည်မှာ မွေးပေ၍ တော်ပေသေး၏။ မိကို အသာဖက်လိုက်ပြန်သည်။

"ညဥ့်အိပ်ခါနီးမှာ ဖေဖေတို့ မေမေတို့ကို ကန်တော့ရင် ပြီးတာပဲ။ ဂွတ်နိုက်တွေ ဘာတွေ မလုပ်ရပါဘူး။ အင်္ဂလိပ်တွေမှ လုပ်ရတယ်"

"ကျောင်းမှာဆို လုပ်ရတယ်ဒေါ်ကြီးရဲ့။ မိတို့က GOOD NIGHT လို့ဆိုရင် အခန်းစောင့်တီချာက SWEET DREAM လို့ပြန်ပြောတယ် သိလား"

"အေး ကျောင်းကဟာတွေ မေ့ပစ်၊ ဒေါ်ကြီးပုံပြောပြမယ်"

မိသည် ဒေါ်ကြီး၏ ပုံများထဲ ဇာတ်လိုက်များ သူ့စိတ်ထဲတွင် မြင်ချင်သလို မြင်နေ၏။ ကျန်စစ်သားသည် KNIGHT တို့ကဲ့သို့ ဝတ်ရုံကြီးကို ဝတ်ထား၏။ အင်္ဂလိပ်ဓားရှည်ကို ခါးတွင်ချိတ်ထား၏။ သံခမောက်ပေါ်တွင် ငှက်မွေးတောင်ကြီးမှာ လှပစွာ ထောင်၍ ကြွားကြွားရွားရွား ရှိလှ၏။ ဖြစ်မှဖြစ်ရလေခြင်း၊ ဒေါ်ရွှေခင်ခင်လေးသာ သိပါက သူ့သမီးလေး၏ စိတ်ကူးအတွက် ရင်ကျိုးရရှာဦးမည်။

တစ်ခါတစ်ရံ သူခိုးကြီး တောက်ပြားသည် လည်းကောင်း၊ တကောင်းခေတ်နှောင်းပိုင်း၏ ဝက်ကြီးကို လိုက်သော ခေပဒူပသည်လည်းကောင်း၊ ရော်ဘင်ဟုကဲ့သို့ လေးမြားများကို စွဲကိုင်၍ ဘောင်းဘီကို ဝတ်ထားလိုက်၏။ မိ စိတ်ကူးထဲတွင် ထိုအတိုင်းသာမြင်နိုင်ပေမည်။ မိ၏ပတ်ဝန်းကျင်သည် 'ရော်ဘင်ဟု'ရဲတိုက်ကြီးများ၊ မြို့စားကြီးများနှင့် တစ်ခါတစ်ရံ ဝံပုလွေများသာ ပါဝင်နိုင်လေသည်။ သူသည် မြန်မာပြည်ရှိ ရွှေရောင်တောက်သော စပါးပင်များ၊ စိမ်းလန်းသော သစ်တောများအကြောင်းထက် 'ရှားဝု'သစ်တောနှင့် ဂျုံစိုက်ခင်းများ၊ ထင်းရှူးပင်များ၊ နှင်းဖွေးသော တောင်ကုန်းတောင်တန်းများအကြောင်းကို သူ့ဆရာမထံမှ ပိုမို၍ သိရပေသည်။

ခင်ခင်လေးသည် သမီးလေး မမွေးဖွားခင်ကမှ ဖတ်လိုက်ရသောစာအုပ်များမှာ တစ်ပုံကြီးဖြစ်၏။

သမီးလေးကို ပြောပြရန်အတွက် ပုံပြင်လေးများကိုလည်း ရွေးချယ်ရသည်မှာလည်း အမောပင်။

စာအုပ်ကြီးများကလည်း ဆို၏။ ကလေးစိတ်ဓာတ်ပြုပြင်ရေးအတွက် ဘယ်လိုပြောရမည်၊ သို့သော် တကယ်မွေးလာသောအခါ စာအုပ်ကြီးများအတိုင်း ခင်ခင်လေးသည် လုပ်၍မရပေ။

ပုံပြင်များကိုလည်း မြန်မာဆန်ချင်သည်။ များသောအားဖြင့် စပါးပင်များအကြောင်း၊ ရွာခွေးနှင့် နွားကျောင်းသားလေးအကြောင်း၊ နတ်သမီးလေးနှင့် မှန်စီနန်းတော်များအကြောင်း ပုံလေးများကိုလည်း ပြောချင်၏။ ပူနွေးသော နေခြည်ဖြင့် တဖျပ်ဖျပ်တောက်ပနေသော ဧရာဝတီမြစ်ရေပြင်အကြောင်းကိုလည်း ပြောပြဦးမှဖြစ်မည်။

သူ့သမီးလေးသည် နှင်းခဲများမကျသော မြန်မာပြည်ရာသီဥတုအတွက် စိတ်မချမ်းမသာ ဖြစ်နေသည်ကို သူမသိပေ။

အမှန်တော့လည်း ခင်ခင်လေးသည် စိတ်သာကူးနေသည်။ သမီးလေးအား ဘာပုံပြင်မှ ကိုယ်တိုင်ပြော၍မပြပေ။

ခင်ခင်လေးသည် လာမည့်ဆောင်းတွင်းမှာ မိဝတ်ရန်အတွက် ဆွယ်တာလက်တိုကို ထိုးနေသည်။ သိုးမွှေးချည်များသည် ရှည်လျားသွယ်ဖျဲ့၍ တစ်တန်းပြီးတစ်တန်း တက်၍လာ၏။ မကြာမီ လှပသော အင်္ကျီလေးတစ်ထည် ဖြစ်လာတော့မည်။ မမွေးခင်ကလည်း သည်နေရာတွင်ပင် ထိုင်၍ မမွေးဖွားသေးသော ကလေးအတွက် ရည်စူးကာ သိုးမွှေးဆွယ်တာလေးကို ချုပ်လုပ်ခဲ့ရ၏။

မွေးပြီးပြန်တော့လည်း မိအတွက် ပိုးစလေးများကို ချုပ်လုပ်ခဲ့ရ၏။ ကြီးထွားခြင်းမြန်သလောက် အရွယ်အပြောင်းအလဲ မြန်သော သမီးလေးအတွက် သိုးမွေးဆွယ်တာကို လေးကြိမ်တိတိပြင်၍ ထိုးခဲ့ပြီးလေပြီ။

သိုးမွေးချည်မျှင်တို့ကြားတွင် သူသည် မေမေ့မျက်နှာကို မြင်၍လာသည်။ မေမေတစ်ယောက်လည်းပဲ သမီးသုံးယောက်အတွက် ချုပ်ရင်း၊ လုပ်ရင်း၊ ပြင်ရင်း၊ ဆင်ရင်း၊ ပြုစုစောင့်ရှောက်ရင်းနှင့်ပင် မိခင်ဘဝကို ဖြတ်သန်းကျော်နင်း၍ သွားခဲ့၏။

ခင်ခင်လေးသည် သူကိုယ်တိုင် မိခင်ဖြစ်လာတော့မှ မိခင်ဖြတ်သန်းကျော်နင်းလာခဲ့သော 'မိခင်ဘဝ'ကို သတိထားမိ၏။ သမီးသုံးယောက်ကို ဤဘဝတွင် တည့်မတ်စွာ ထိန်းကျောင်းလာနိုင်သော မေမေ၏ ဘဝစွန့်စားခန်းသည် မသေးလှပါလား။ မေမေသည် သူတို့ကို သိမ်မွေ့စွာ ထိန်းသိမ်းလာနိုင်သလို သူသည် သမီးလေး မိအား ထိန်းသိမ်းတတ်ပါမည်လော။

ရင်ထဲမှာ အနည်းငယ် တုန်လှုပ်သွား၏။

သူ့လက်ထဲမှ ထိုးလက်စသိုးမွေးအင်္ကျီကို အောက်သို့ချထားလိုက်၏။ ခြံထဲမှ ဖြတ်သန်းတိုက်ခတ်လာသော လေသည် ဆောင်းဟန်ပါနေသည်။ မိကို ကိုယ်ဝန်မရှိခင်က စိုက်ခဲ့သော ကရမက်ပင်လေးသည်လည်း ယခုတွင် အဖူးများ ပြည့်နှက်၍နေ၏။ နှင်းတစ်ပြိုက်ကျလိုက်လျှင် အစွမ်းကုန် ပွင့်ကြပေဦးမည်။

သမီးလေးသည် မကြာခင် အစွမ်းကုန်လှပ၍ ဖူးပွင့်ပေဦးမည်။ ကရမက်ပန်းသည် လှပသလိုပင် ရနံ့လည်း သင်းပျံ့၏။

သမီးလေးသည် လှပသလိုပင် ဂုဏ်သတင်းလည်း ကျော်စောပါစေ၊ ဣန္ဒြေကို ထိန်းသိမ်းနိုင်ပါစေ။

ရနံ့မဲ့သောပန်းသည် အဖိုးမထိုက်သလို သူ့သမီးလေးသည်လှ၍ ရနံ့သာ မရှိပါက ခင်ခင်လေးသည် ဆက်မတွေးတော့ဘဲ ထိုင်ရာမှ ထသွားမိ၏။

ညနေထမင်းဝိုင်းတွင်မူ သူသည် ကိုအောင်မြင့်နှင့် မမကြီးကို ပြောပြမိ၏။

"သည်ကျောင်းတွေက ကောင်းတာတွေလည်း ကောင်းတာပါပဲ၊ ဒါပေမယ့် လူကြီးမိဘတွေကို ကျိုးနွံနာခံဖို့သင်တဲ့ နေရာကျတော့ မြန်မာကျောင်းတွေက ကောင်းလိမ့်မယ်ထင်တယ် ကိုရယ်။ ပြီးတော့လည်း မိဟာ အခုရှစ်တန်းပေမယ့် မြန်မာစာရဲ့ နက်နဲတာတွေကို မသိသေးဘူး"

မမကြီးသည် ကိုအောင်မြင့်ကို လှမ်းကြည့်၏။ ကိုသည် ငြိမ်၍ပင်နေ၏။

"မိဟာ သိပ်ဆိုးပုံတော့မရပါဘူး။ ကျောင်းထွက်ရင်တော့ အသားကျပါလိမ့်မယ် ထင်တယ်"

မမကြီးသည် သူ့တူမလေး မကို ဆွဲ၍တွေး၏။

"အဲဒါတွေ ခက်တာပေါ့။ လူတိုင်းလူတိုင်းဟာ ကိုယ့်ကလေးအပေါ်မှာ အထင်ကြီးတတ်ကြတယ်။ ငါ့သမီးလေးဟာ သူများနဲ့မတူဘူး။ ငါ့သမီးဟာ သူများလိုမဟုတ်ဘူးဆိုတဲ့ ထင်တစ်လုံးဟာ မိခင်တိုင်းလိုမှာ ရှိတတ်တာပဲ။ ပြီးတော့ မမကြီးရေ မမလတ်ရဲ့ သမီးမြင့် အင်္ဂလိပ်လိုပြောရင် နားထဲမှာ

ကလောတယ်။ ခုံမြင့်စီးရင် အမြင်ကပ်ပေမယ့် ကိုယ့်သမီးလေး အင်္ဂလိပ်သီချင်းဆိုတဲ့အခါကျတော့ စိတ်ထဲမှာ သာယာသလိုပဲ၊ ကိုယ့်သမီးလေး ဘိုဆန်ဆန်ဝတ်ပုံနေပုံကိုလည်း လှသလို သဘောကျသလိုလို ဖြစ်တတ်တယ်"

"အေးကွယ့် ဒါလဲ သတိထားသင့်တာပဲ"

ကိုသည် နောက်ဆုံးမှ "အေးကွယ့်"တစ်လုံးကို ဝင်ပြော၏။

ခင်ခင်လေးသည် ရှေ့နှစ်တွင် မိကို မြို့မကျောင်းတွင် ပြောင်းထားရန် စီစဉ်သော်လည်း သူ့အကြံမှာ မဖြစ်မြောက်ပေ။ ထိုနှစ်ဆောင်းဦးတွင်ပင် စစ်သည် နှင်းမှုန်များနှင့်အတူ ဝင်ရောက်ခဲ့၍ မိ၏စာသင်ကြားခြင်းမှာ ရပ်ဆိုင်းသွားခဲ့ရသည်။

ကိုအောင်မြင့် စာကြည့်ခန်းသည် မိ၏ စာကြည့်ခန်းအဖြစ်သို့ ပြောင်းလဲသွားပေပြီ။ မိသည် နူးညံ့ပျော့ပျောင်းသူ မဟုတ်ပါလား။ ကဗျာလေးများနှင့်အတူ နေရသည်ကို နှစ်သိမ့်၏။ ပန်းပွင့်လေးများတိုင်းပြည်တွင် လိပ်ပြာငယ်များ၊ ငှက်ငယ်များနှင့်အတူ ပျံသန်းသွားလာရင်း တေးဆိုရသည်မှာလည်း သာမောဖွယ်ကောင်းလေစွ။

အင်္ဂလိပ်ကဗျာဆရာတို့၏ ကဗျာလင်္ကာများသည် မိ မွေးစက်ရာ ပန်းမွေ့ရာတို့ပင် ဖြစ်၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ သမီးလေးရဲ့ အပြောင်းအလွဲအရွယ်မှာ စာအုပ်နဲ့ ပျော်တာကိုပဲ တို့ကကျေးဇူးတင်ရမယ်" ဟု ကိုကခင်ခင်လေးကို ပြော၏။

မိသည် တစ်ခါတစ်ရံ သစ်ရွက်ဝါလေးဖြစ်၏။ ကဗျာဆရာတင်နီဆင် (TANNYSON)၏ ချောင်းလေးပေါ်တွင် ရွှေရွက်တိုင်ကိုလွှင့်၍ လှေလေးသည် ရေစုံမျှောခဲ့သလို သစ်ရွက်ဝါလေးသည် ငွေလှိုင်းတို့ ရင်ခွင်ထက်တွင် လူးလာစုန်ဆန်မျောခဲ့၏။

ပီ၊ ဘီ၊ ရှယ်လီ (P.B.SHELLY)၏ ငှက်တေးသံတွင်လည်း သူသည် မိန်းမောခဲ့၏။

လူ့ဘဝအကြောင်းကိုလည်း ကဗျာဆရာကြီး ဘေကွန်ထံမှ လေ့လာခဲ့ရ၏။ တကယ်ဆိုတော့ မိသည် အနောက်တိုင်းကဗျာတို့ကိုသာ အရသာခံတတ်တော့၏။ တစ်အိမ်သားလုံးတွင်မူ ခင်ခင်လေးမှလွဲ၍ ဘယ်သူကမျှ မိ၏စိတ်ကို တိကျစွာ မလေ့လာတတ်ကြပေ။

မိုးဦးတစ်နံနက်တွင် သူတို့တစ်အိမ်လုံးသည် စိတ်မကောင်းကြပေ။ မနက်လေးနာရီလောက်က မမလတ်၏ ခင်ပွန်းအရေးပိုင်မင်း ရုတ်တရက် လေဖြတ်၍ ဆုံးကြောင်း တယ်လီဖုန်းမှ သိရ၏။ မမလတ်အိမ်သို့ အားလုံးသွားရန် ပြင်ဆင်နေကြ၏။

မိသည် ကော်ဖီသောက်ရင်း ဦးကြီးအတွက် စိတ်မကောင်းပေ။ မနေ့ညနေကပင် ဦးကြီးသည် ကားနှင့်မိတို့ထံသို့ ရောက်လာသေး၏။ မိရူးနေသော စပယ်ပန်းများကိုပင် တောင်းသွားသေး၏။ မိသည် ပင့်သက်ရှူရင်း ဘဝအကြောင်းကို စမ်း၍ တွေးကြည့်၏။ ပြီးတော့ ကြောက်လာ၏။

ခင်ခင်လေးအနားသို့ ကပ်ရပ်ရင်း ကတုန်ကယင်နှင့်ပြော၏။

"မနေ့ညနေကပဲ ဦးကြီး မိကို လာတွေ့သေးတယ်နော်"

"အေးကွယ် သနားစရာ သမီးရယ်၊ သေခြင်းတရားဆိုတာ သည်လိုပဲ မြန်တာပဲ"

"ဟုတ်တယ်၊ ဒါကြောင့် ဘေကွန်ကပြောတာ ဘဝဆိုတာ ရေပွက်လိုပဲတဲ့"

"ဘာ..."

ခင်ခင်လေး အဓိပ္ပာယ်နှင့် ပြန်မေးသည်ကို မိက နားမလည်ပေ။ မိသည် ဘေကွန်၏ကဗျာလေးကို တိုးတိုးရေရွတ်နေ၏။ ခင်ခင်လေးသည် ကမန်းကတန်း ကို့ထံသို့ ပြေးသွားပြန်၏။

"ကိုရေ သမီးတော့ တရားလွန်နေပြီ"

"ဘာဖြစ်လာပြန်လဲ မရွှေခင်ခင်လေး"

ခင်ခင်လေးသည် မိပြောပုံကို ပြန်ပြော၏။

"သမီးရဲ့အဖြစ်က အင်္ဂလိပ်ကဗျာတွေသာ နှစ်သိမ့်နေပြီ သိလား၊ ဘေကွန်တို့မပေါ်ခင် တစ်ခေတ်ကတည်းက အနန္တသူရိယအမတ်က စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်နေတဲ့ဘဝဟာ ရေပွက်ပမာလောက်ပဲ၊ တစ်ခဏလေးပဲ သက်တမ်းရှိတယ်လို့ ပြောခဲ့တာတွေ ဘာတွေ သူသိမှာ မဟုတ်ဘူးထင်တယ်ကို"

"အဲသည်လိုဆိုရင် ခင်ခင်လေးက ပြောပါလား။ ဘေကွန်လိုပဲ မြန်မာကဗျာဆရာကြီးတစ်ဦးဟာ ဘဝအကြောင်းကို ဘယ်လိုပြောခဲ့တယ်ဆိုတာ"

ဟုတ်သည်။ ခင်ခင်လေးသည် မိကို ရင်ဆိုင်ပြန်ပြောခဲ့ဖို့ကောင်း၏။ ဘာဖြစ်၍များ သူသည် သမီးလေးကို ဒိုးဒိုးဒေါက်ဒေါက်နှင့် ပြန်၍ မမေးခဲ့ပါလိမ့်။ ခင်ခင်လေးသည် မိအတွက် မြန်မာကဗျာနှင့် ပျို့အလင်္ကာများကို ရှာဖွေပေးဖို့ ဆုံးဖြတ်မိပြန်၏။

အရေးပိုင်မင်း၏ ဈာပနပြီးဆုံးပြီးနောက် မမလတ်အခြေအနေမှာ အပြောင်းအလဲများစွာ မရှိလှပေ။ သူ့တွင် ငွေကြေးရေး၊ လက်ဝတ်လက်စားများပါ အမြောက်အမြား ကျန်ရှိသေး၏။ အရေးပိုင်မင်းမသေခင် ဝယ်ယူထားသော ပတ်လမ်းအိမ်တွင် နေကြ၏။

ယခင်ကလို ခပ်တန်းတန်းမနေဘဲ ခင်ခင်လေးတို့အိမ်သို့ ခဏခဏလာ၏။ မြင့်မှာမူ အပျိုကြီးတစ်ယောက်လိုပင် ထွားကျိုင်းလာ၏။ မမလတ် အပြင်ထွက်သလို မြင့် မထွက်ရပေ။ အိမ်မှာပင် သူ့မိတ်ဆွေများနှင့် တွေ့ဆုံ၏။

"မိန်းကလေးဆိုတာ ဒါလောက်ထိန်းသိမ်းထားနိုင်မှ တော်တယ် မကြီးရဲ့"

မမလတ်သည် သူ့သမီးအုပ်ချုပ်ရေးကို တင်ပြ၏။ သူ့စိတ်ထဲတွင်လည်း အိမ်ထဲမှ အိမ်ပြင်မထွက်ရအောင် ထားခြင်းသည် သမီး၏လုံခြုံရေးဟူ၍ ထင်၏။

"ငါတော့ ဒါလောက်ချုပ်ချယ်တာကိုလည်း တော်မယ်မထင်ဘူး။ ညည်းတို့ ညီအစ်မနှစ်ယောက် ကလေးမွေးတာမြင်ရတာနဲ့ ငါတော့ လင်ယူဖို့ စိတ်ကုန်တယ်။ တစ်ယောက်ကလည်း သမီးဂုမ္ဘာန်တစ်ထောင် စောင့်သလို စောင့်လိုက်ရတာ၊ တစ်ယောက်ကလည်း ရှာလိုက်ရတဲ့စာအုပ်၊ ကြည့်လိုက်ရတဲ့အရိပ်၊ တကတည်း သမီးတစ်ယောက် မွေးရပါတယ်။ ညည်းတို့အစား စိတ်မောလိုက်တာ၊ ညည်းတို့လိုသာဆိုရင် သမီးသုံးယောက် မွေးလာခဲ့တဲ့ မေမေကတော့ ခါးမှ ထဘီကပ်ဖို့တောင် မကောင်းတော့ဘူး"

မမကြီးသည် သူ့ညီမများအဖြစ်ကို စိတ်မောစွာပင် ပြောမိ၏။

ဂျပန်ခေတ်ကုန်ဆုံး၍ အင်္ဂလိပ်ပြန်ဝင်လာချိန်တွင်မူ မိသည် စာပြန်သင်၏။ ယခုလို အပျိုဘဝသို့ ပြောင်းလဲစအရွယ်တွင် စိတ်ကို အနားမပေးဘဲ စာသင်ထားသည်မှာ ကောင်း၏ဟု ခင်ခင်လေးက ပြော၏။ မမကြီးကမူ တူမလေး ပင်ပန်းလွန်း၍ သဘောမတူလှပေ။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသည့်နောက် ခင်ခင်လေးသည် ခေါင်းရှုပ်လာပြန်၏။

"ကဲ ကိုရေ၊ ပြဿနာတစ်ခုတော့ ရင်ဆိုင်ရဦးမယ်၊ ကောလိပ်မှာတော့ သမီးလေးကို ကျောင်းအိပ်ကျောင်းစားထားလို့ မသင့်ဘူးထင်တယ်"

"အေးကွယ့် ခင်ခင်လေးပြောတာ ဟုတ်တယ်"

"ကျောင်းနဲ့လည်း နီးသားပဲ၊ ကားနဲ့ပဲပို့မယ်။ သမီးကို သည်အရွယ်မှာ လွတ်လပ်လွန်းရင် မကောင်းဘူးထင်တယ်နော်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မိဘမျက်စိရှေ့မှာဆို ကောင်းတာပေါ့။ ပြီးတော့ စစ်ပြီးခေတ်မှာ ကလေးတွေရဲ့ အကျင့်စာရိတ္တပာလည်း သိပ်မကောင်းချင်ဘူး။ စာသင်ရင်း တစ်ခုခုဖြစ်မှဖြင့်"

"အေး ခင်ခင်လေးပြောသလိုပဲ အိမ်ကတက်ရင် ကောင်းပါတယ်"

မိကမူ ကျောင်းမှာပဲ နေချင်၏။ စာအုပ်များကို စီရင်း စူပွစူပွဖြစ်နေ၏။

"မိ မေမေကိုကြည့်ရတာ ဘိက္ခုနီမကြီးကျနေတာပဲ၊ သိပ်စိတ်ပျက်စရာကောင်းတာပဲ။ သည်အိမ်ကြီးကလည်း ဘယ်တော့မဆို ပုံသေကားကြီးပဲ၊ ဒေါ်ကြီးကလည်း မိ မေမေပြီးရင် ပြီးနေတာပဲ"

မိသည် ဒေါ်ကြီးကိုပါ မဲ၏။

"ကျောင်းမှာဆို အစားအသောက်မကောင်းဘူး။ ချို့ငဲ့မှာ စိုးလို့ပါ သမီးရဲ့"

"ဟုတ်ပါဖူး၊ တစ်ခါထဲ လူကိုစက်ကြီးလိုပဲ ဘာလုပ်လိုက်ဦး၊ ဘာစာအုပ်ဖတ်လိုက်၊ ဘာကို မဖတ်ရဘူး။ တကတည်း အရုပ်ကျနေတာပဲ"

မိသည် ဘုန်းခနဲနေအောင် စာအုပ်အထပ်လိုက်ကြီးကို ကြမ်းပေါ်ပစ်ချလိုက်၏။ ခြေကို ဆောင့်နင်းကာ ခုတင်ဘက်ကို လျှောက်ရင်း အိပ်ရာပေါ်ပစ်လှဲလိုက်၏။

ဒေါ်ကြီးသည် တူမလေးကို သနားသွားမိသည်။ သို့သော် ယခုလိုအချိန် ချော့လိုက်လျှင် ရောင့်တက်သွားမှာ စိုး၏။ အခန်းပြင်သို့အသာပင် ထွက်၍လာ၏။ ခင်ခင်လေးကို လိုက်ရှာမိ၏။ ခင်ခင်လေးသည် မီအတွက် ဘော်လီဇာ တပ်နေ၏။

စက်နားကို မမကြီး ရောက်လာပြန်၏။

"ခင်ခင်လေးရယ် ကလေးကို ကျောင်းအိပ်ကျောင်းစား ပို့ပါလားကွယ်"

"ပို့တော့ပို့ချင်တာပေါ့။ အသက်နှစ်ဆယ်ကျော်သွားရင် ပို့မယ်။ ခုတော့ သူ့စိတ်ကိုသူ မနိုင်သေးဘူး။ ခက်သားပဲ မမကြီး၊ ခုခေတ်က ကပွဲတွေ ခေတ်စားလာချိန်မှာ သမီးကို လွှတ်မပေးချင်ဘူး။ ကိုယ့်သမီးက နဂိုကမှ အနောက်ဓလေ့ကို ခပ်ကြိုက်ကြိုက်ရယ်။ လွတ်လပ်လွန်းရင် အနောက်ဆန်သွားမှာ စိုးရတယ်"

"သည်လိုဆို ကျောင်းမှာ နယ်ကလာနေရတဲ့ ကလေးတွေ ဘယ့်နယ်လုပ်မလဲ"

"နယ်ကလာတယ်ဆို နယ်ကျောင်းသူတွေဟာ များသောအားဖြင့် မြန်မာဆန်တတ်တယ် မဟုတ်လား။ မရွှေမိက မမကြီးလည်း အသိသားနဲ့နော်၊ သူ့အမေက ငပိစားမွေးပေလို့ပဲ၊ ထမင်းကြမ်းကြော်ကိုတောင် BREAKFAST လို့ပြောကျွေးမှ အရသာရှိတယ်ထင်တာ၊ ထမင်းကြမ်းကြော်လို့ မြန်မာလိုခေါ်ရင် မမကြီးတူမက မစားချင်ဘူး"

မမကြီးသည် ငြိမ်သွားပြန်၏။

"ဒါနဲ့ ခင်ခင်လေး ညနေကျရင် ခင်ခင်လတ်တို့အိမ် သွားရအောင်၊ ခုတလော သားအမိနှစ်ယောက် မပေါ်လာတာ ကြာပြီ"

"ကိုနဲ့ တစ်နေ့က မမလတ်နဲ့ လမ်းမှာတွေ့တော့ မြင့်တစ်ယောက် ကောင်းကောင်းနေမကောင်းဘူးတဲ့"

"ဟင် ဒီလိုဆို သွားဦးမှပဲ၊ စောစောကတော့ မပြောဘူး"

မမကြီးသည် ဟိုတူမတစ်ယောက် နေမကောင်းဘူးဆိုတော့လည်း ထိတ်ခနဲ ဖြစ်သွားပြန်၏။ စိတ်ပူသွားပြန်၏။

"ငါ့အပူငါ မရှာချင်လို့ လင်မယူပါတယ်၊ သူတို့လိုက်ပူနေရတာပဲ"

အပျိုကြီးများ ရေရွတ်နေကျစကားလုံးကို မမကြီးက ရေရွတ်လိုက်၏။ ညနေတွင်မူ ကို့ ဝေယျာဝစ္စများကြောင့် ခင်ခင်လေးသည် နေရစ်ခဲ့၏။ မီနှင့် ဒေါ်ကြီးသာ မြင့်တို့အိမ်သို့ ထွက်သွားကြသည်။

ထမင်းစားပြီးချိန်လောက်မှ မမကြီးနှင့်မီ ပြန်၍ရောက်လာ၏။ မမကြီးမျက်နှာသည် တစ်ခုခုဖြစ်လာသလို ဖြစ်နေ၏။ မီကတော့ နေ့ခင်းက အရှိန်နှင့် ခင်ခင်လေးအနားမကပ်ဘဲနေ၏။

"ခင်ခင်လေး ခြံထဲမှာ စကားပြောရအောင်"

မမကြီးသည် ခင်ခင်လေးကို တိုးတိုးလာခေါ်၍ ခင်ခင်လေးသည် ခြံထဲကို ဆင်းသွား၏။ အိမ်ထဲတွင်မူ မိသည် သူ့ကျောင်းအိပ်ကျောင်းစားပြဿနာအတွက် ဖေဖေ့ကို အပူကပ်နေရစ်၏။ ခြံထဲတွင်မူ ညီအစ်မနှစ်ယောက်သည် မထွေးနိုင် မအန်နိုင် ဖြစ်နေကြသည်။

"တကယ်ပဲလား မမကြီး"

"နက်ဖြန် ခင်ခင်လေးပါ လိုက်ခဲ့ပေါ့။ မရွှေလတ်ကတော့ ထုံးစံအတိုင်း သူ့သမီးသိပ်တော် သိပ်တတ်တာသာ ရွှန်းရွှန်းဝေအောင် ပြောနေတာပဲ"

"နေမကောင်းတာ ကြာပြီပေါ့"

"အစာမစားတာတော့ နှစ်လလောက်ရှိပြီတဲ့၊ တရှောင်ရှောင်ပေါ့။ ငါက သေသေချာချာ နောက်ဖေးက မယ်တင်ကို မေးခဲ့စစ်ခဲ့ပါတယ်။ မရွှေလတ် မမြင်အောင် တစ်နေ့တစ်နေ့ ငှက်ပျောသီးဖီးကြမ်း မီးဖုတ်ပြီး ပေးရသတဲ့"

"ငှက်ပျောသီး မီးဖုတ်ပေးတယ်"

"အေးလေ"

"ဟင် အဲဒါ စားတာနဲ့ ဟုတ်ရောတဲ့လား။ ခင်ခင်လေး မိကိုကိုယ်ဝန်ရှိတုန်းကတော့ အချဉ်သာ စားချင်တာပဲ။ ဒါတွေဘာတွေ မစားချင်ပါဘူး"

"ချင်ခြင်းတပ်တာချင်း ဘယ်တူမလဲ၊ တချို့က ငှက်ပျောသီး မီးဖုတ်ကိုပဲ စားတယ်"

"ဒုက္ခပါပဲ၊ ခင်ခင်လေးဖြင့် တော်တော်စိတ်ညစ်တယ်။ သေချာအောင် နက်ဖြန် စုံစမ်းသေးတာပေါ့ မမကြီးရယ်၊ တော်ကြာ သူ့သမီးလေး နနထွတ်ထွတ် မဟုတ်တရုတ် စွပ်စွဲပါတယ်ဆိုပြီး ညီအစ်မ ရန်ဖြစ်နေဦးမယ်။ ကောင်မလေးက အိမ်ထဲက အိမ်ပြင်မထွက်ဘဲနဲ့နော်"

မမကြီးသည် သက်ပြင်းရှည်ကြီး ချလိုက်၏။ သူ့တစ်သက်တာတွင် ယခုလောက် တစ်ခါမှ စိတ်မညစ်ဘူးပေ။

*****

(၆)

ခင်ခင်လေးသည် ရင်တထိတ်ထိတ်ခုန်နေ၏။ မျက်လုံးများသည် အစ်မနှစ်ယောက်ကို အပြန်အလှန်ကြည့်နေမိ၏။

မမလတ်သည် မခံချင်ပုံပေါက်နေ၍ မမကြီးက ဒေါပွနေသည်။

"မမကြီးဟာ သူတစ်ပါးသားသမီးကို ပိုးစိုးပက်စက်မပြောချင်ပါနဲ့"

"သူတစ်ပါး သားသမီး၊ ညည်းဟာ ငါ့ညီမပါ၊ ငါ့ညီမမွေးတာ ငါ့သမီးပါပဲ။ ငါက ဘာလုပ်အကျိုးယုတ်အောင် ပြောရမှာလဲ"

"အို အပျိုကြီးပီပီ အရမ်းစွပ်စွဲတာပဲ၊ သမီးဟာ အပြင်ကို ထွက်ရတာမှမဟုတ်ဘဲ မဖြစ်နိုင်ပါဘူး။ သမီးက သူများနဲ့တူတာ မဟုတ်ဘူး။ သိလား။ ကျွန်မသမီးကို ဘာမှမပြောပါနဲ့"

"အေး အဲသည်လို သူများနဲ့မတူဘူး။ မတူဘူးနဲ့ အမွှန်းတင်လွန်းလို့ ခုလိုဖြစ်တာပေါ့။ ခုကိစ္စမှာ ဘယ်သူ့ကိုမှ မမကြီးက အပြစ်တင်နေတာ မဟုတ်ဘူး။ ဟုတ်ရင် အုပ်မိအောင် မိဘက မြန်မြန်လုပ်ရမယ်"

မမလတ်သည် နဂိုကတည်းက ခင်ခင်လေးလို မမကြီးကို ကြောက်သူမဟုတ်ပေ။

"ဘာဖြစ်လို့ အုပ်ရမှာလဲ။ ဆရာဝန်ကလည်း အစာမကြေတဲ့ရောဂါတဲ့ သိရဲ့လား။ မနက်ကပဲ ပြောသွားတာ"

"ဘာအစာမကြေလို့၊ အေး အစာခဲကြီး ဝမ်းထဲမှာ ရှိနေတာ ဘယ်အစာကြေမလဲ၊ ညည်းတို့ ကလေးဒါလောက်မွေးပြီး အရိပ်အခြေမသိတာ ငါဖြင့်အံ့ပါ့ပါဟယ်။ ဒါနဲ့များ ကလေးအမေလုပ်နေကြသေးတယ်။ အပျိုကြီးပေမယ့် မမကြီးက သိလို့ ပြောနေတာ"

ခင်ခင်လေးသည် မျက်စိပေကလပ်ပေကလပ် ဖြစ်နေ၏။ ဘုရားသိကြားမလို့ ညီအစ်မနှစ်ယောက် ရန်ဖြစ်သည့်အဖြစ်တော့ မရောက်ကြပါစေနှင့်။

မမလတ်သည် လက်များပင် တုန်နေ၏။ မှန်၏။ သူသူငါငါ ကိုယ့်သမီးနုနုထွတ်ထွတ်ကလေးကို ယခုလို အပြောခံရလျှင် ဆတ်ဆတ်တုန်မည်ပင် ဖြစ်၏။ မျက်လုံးများမှာလည်း လူသတ်ရဲမတတ် ဝင်းပြောင်နေ၏။

"သည်လိုဆိုရင် သည်လိုလုပ်"

တိတ်ဆိတ်နေရာမှ မမလတ်က ပြောလိုက်၏။

"မမကြီးနဲ့ လုံးလုံးမသိတဲ့ ကျွန်မနဲ့ကျောင်းနေဖက် ဆရာမတစ်ယောက် ဒပ်ဖရင်မှာ ရှိတယ်။ ကျွန်မလှမ်းခေါ်လိုက်မယ်။ ပြီးတော့ သူ့ကို စမ်းခိုင်းမယ်။ ဟုတ်ရင်လည်း အသိသာကြီးပဲ။ မဟုတ်ရင်တော့ မမကြီးနဲ့ အပြတ်ပဲ"

မမကြီးသည် မျက်ရည်များပင် လည်လာ၏။

"ညည်းသဘောပါ မရွှေလတ်ရယ်။ မေမေမရှိတော့တဲ့နောက် ငါဟာ ညည်းတို့ရဲ့ အမေပါ။ အခုပြောတာလည်း အမေတစ်ယောက်မေတ္တာနဲ့ ကြိုတင်ဖုံးနိုင်ရင် ဖုံးကြရအောင် ပြောတဲ့စကားပါ။ ငါက သက်သက်စော်ကားရအောင် ပြောတာမဟုတ်ပါဘူး"

မမကြီးသည် ပြောရင်းမျက်ရည်များ စီးကျလာ၏။ ခုတော့ ရင်များတုန်လာရုံမက လက်များပင် အေးလာ၏။ မျက်စိထဲတွင်မူ မိ ရုပ်ကိုသာ မြင်လာ၏။

ဩော်... သမီးတစ်ယောက် မွေးဖွားလာရခြင်းဆိုသည်မှာ မလွယ်ကူပါကလား။

မမလတ်သည် ဒပ်ဖရင်သို့ တယ်လီဖုန်းဆက်နေ၏။ ပြီးလျှင် ခင်ခင်လေးရှိရာသို့ ပြန်လာ၏။

"ဆရာမ ဒေါ်တင်တင်စိန် လာလိမ့်မယ်။ မမကြီးတို့နဲ့ အသိဆရာဝန်ဆိုရင် မမကြီးက စကားထည့်ထားချင်ထားမှာ"

မမကြီးသည် အံကြိတ်ထားရင်း မျက်ရည်ပေါက်တွေ လိမ့်ဆင်းလာ၏။ မမကြီးကို ခင်ခင်လေးသည် အသာဖက်ရင်း နှစ်သိမ့်စေရပြန်၏။

"မိရွှေလတ်ရဲ့ အတွေးအခေါ်ဟာ သိပ်ရက်စက်တာပဲ"

မမကြီးသည် နောက်ဆုံးသွန်၍ ငိုချ၏။ ဆရာမဒေါ်တင်တင်စိန် ရောက်လာချိန်တွင်မူ ခင်ခင်လေးနှင့်မမကြီးတို့သည် အခန်းထဲသို့ မဝင်ရပေ။ မမလတ်နှင့်ဆရာမသာ မြင့်အခန်းထဲသို့ ဝင်သွား၏။ နာရီဝက်ခန့်အကြာတွင် ဆရာမပြန်ထွက်လာ၏။ မမကြီးနှင့်ခင်ခင်လေးအား လက်သုံးချောင်းထောင်ပြကာ အိမ်ရှေ့ဆင်ဝင်ဘက်သို့ ထွက်သွားတော့၏။ ခင်ခင်လေးသည် ဘာလုပ်ရမှန်းမသိ၊ မျက်လုံးတွေ ပြာသွား၏။ မမကြီးကမူ အခန်းထဲသို့ ခပ်မြန်မြန် ဝင်သွား၏။ အခန်းထဲတွင် သမီးကိုဆူနေသော မမလတ်ကို ဆွဲ၍ ခေါ်လာပြန်၏။

"ခင်ခင်လေး မြင့်ငိုနေတာ သွားချော့စမ်း"

ခင်ခင်လေးသည် မြင့်အခန်းထဲသို့ ကယောင်ကတမ်းနှင့် ဝင်သွားမိပြန်၏။ မမလတ်မှာ ယခုကျမှပင် ချုံးချ၍ ငိုကာမမကြီးကို ဖက်ထားတော့၏။

"သုံးလတောင် ရှိနေပြီတဲ့မမကြီးရဲ့။ ကျွန်မတော့ ခွေးဖြစ်တာပဲ။ ဘယ့်နယ်လုပ်ရမလဲ။ မုဆိုးမလဲဖြစ်ပြန်"

"ကဲပါ မိရွှေလတ်ရယ်။ မုဆိုးတွေ အမဲတွေ လုပ်မနေပါနဲ့။ ဒါဟာ အော်ကြီးဟစ်ကျယ် ငိုစရာလည်း မဟုတ်ဘူး။ သမီးအမေဆိုတာ သည်လိုပဲ တွေ့ရမှာပဲ"

"ကျွန်မမျက်စိထဲတော့ နည်းနည်းမှ ဟန်မပျက်ပါဘူး"

"အေး ဒါဟာ ထုံးစံပဲ၊ ဘယ်သူဘယ်ဝါဆိုတာသာ မြင့်ကို ချော့မေး၊ အချိန်ရှိတုန်း ဖုံးလိုက်ရင် ပြီးတာပဲ၊ တိတ်ပါ မရွှေလတ်ရယ်"

"သူ့ကို ကပွဲတောင် မသွားရဘူး။ အိမ်မှာ အရိပ်ကြည့်နေတာ"

“အေး မိန်းကလေးဆိုတာ ခက်သားလား၊ အခုလည်း ဘယ်သူ့မှာမှ အပြစ်မရှိပါဘူး။ တိတ်တိတ်။ ဇင္ဒိုလတို့အမေကို ကြည့်ပါလား။ အဖေကြီးက သူ့သမီးကို အထီးဆို ယင်ဖိုတောင် မသန်းရဘူးဆိုပြီး ဘုံခုနစ်ဆင့်ပေါ်မှာ မိန်းမရံရွှေတော်တွေနဲ့ထားတာ အဲဒါတောင် လေသာပြတင်းဖွင့်အကြည့်မှာ ဇော်ဂျီနဲ့တွေ့တော့ ဇင္ဒိုလကို တိတ်တိတ်မွေးရတာပဲ။ ရှစ်ခေါ်ဘဏီနဲ့ပဲ စောင့်စောင့်၊ သူတို့ကိုယ်သူတို့ မထိန်းရင် မလုံဘူး အောက်မေ့။ မြင့်ကိုလည်း သိပ်မဆူနေနဲ့။ စိတ်ညစ်ပြီး ထင်ရာလုပ်ရင် ကိုယ့်သမီး ဒုက္ခဖြစ်ဦးမယ်”

“မမကြီးပဲ မေးမြန်းပြီး ကိစ္စပြီးအောင် လုပ်ပေးခဲ့ပါဦး မမကြီးရယ်”

မမကြီးသည် ယခုကျမှ ပို၍ညီမကို သနားမိ၏။ မြင့်ရှိရာ အခန်းထဲသို့ ဝင်သွားသည်။

အခန်းထဲတွင် ခင်ခင်လေးသည် ကာယကံရှင် မြင့်ထက်ပို၍ တုန်လှုပ်နေသည်။ မြင့်ကလည်း ခေါင်းမဖော်ဘဲ တရှုံ့ရှုံ့နှင့်သာ ငိုနေပြန်သည်။ မမကြီးသည် မိန်းမများအနေနှင့် လူဖြစ်လာကြသော သူ့ညီမများ တူမလေးများအတွက် ထိုလိုကိစ္စမျိုးတွင် ဘယ်လိုဆုံးဖြတ်ရမှန်း မသိပေ။ ဖြစ်လာလျှင် မြန်မြန်ပေးစား၊ မဖြစ်ခင် ဘယ်လိုကြိုတင်ကာကွယ်ရမည်နည်း။ သူသူကိုယ်ကိုယ် ပုထုဇဉ်တို့မည်သည်မှာတော့ အတွေ့တရားတွင် ရှောင်နိုင်ကြမည်မဟုတ်ပေ။ သူသည်လည်းပဲ ရှောင်နိုင်ခဲ့၍သာ ဘာမျှ မဖြစ်ခဲ့ခြင်းဖြစ်၏။ အကယ်၍ တွေ့မိခဲ့ပါလျှင်လည်း သူသည် မြင့်ကဲ့သို့ပင် ပြင်းစွာ ငိုကြွေးမိဦးမည်ဖြစ်၏။

ခင်ခင်လေး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်ကို မမကြီးကသိ၏။ တစ်ယောက်သည်လိုဖြစ်သည်ဆိုတော့ သမီးပျိုရှင်ဖြစ်သော ခင်ခင်လေးသည်လည်း သူ့သမီးအတွက် ပူပင်ပေလိမ့်မည်။

“ကဲ ခင်ခင်လေး အိမ်က စိတ်ပူနေကြဦးမယ်။ ပြန်နှင့်၊ မမကြီး နောက်မှ ပြန်ခဲ့တော့မယ်”

ခင်ခင်လေးသည် ခေါင်းတစ်ချက်ညိတ်ပြ၍ အိမ်သို့ပြန်ခဲ့၏။ တစ်လမ်းလုံးတွင် မိနှင့် မြင့်မျက်နှာသည် သူ့မျက်လုံးများထဲမှ မထွက်ပေ။ “ငါ့သမီးလေးများ သည်လိုဖြစ်ရင်” ခင်ခင်လေးသည် မတွေးရဲသလို ဖြစ်သွားပြန်၏။

ယခုကျမှ ခင်ခင်လေးသည် မေမေပြောခဲ့သည်များကို တစ်လုံးစီပြန်၍ သတိရ၏။

“ဘာကြောင့် သမီးတို့ကို အချိန်ရှိတုန်း လက်ထပ်စေချင်သလဲဆိုတာ သမီးတစ်နေ့ကျရင် သိမှာပေါ့”

ယခုတော့ ခင်ခင်လေး သိပေပြီ။ မိကို ဘယ်လိုမျှ အထိအခိုက် အနှောင့်အယှက်မရှိခင် အိုးအိမ်ထူထောင်ပေးလိုက်ချင်သည်။ မမွှတာသဘောပေပဲ မဟုတ်ပါလား။ တစ်နေ့သောအခါ ဤပုထုဇဉ်တို့၏ အသည်းနှလုံး၌ ချစ်ပန်းတို့သည် ပွင့်ကြမြဲပင်ဖြစ်၏။

ထိုပန်းလေးကို အလွယ်တကူ လိုချင်သူနှင့် တွေ့၍ မထိန်းနိုင် မသိမ်းနိုင်ဖြစ်ကြသည့် တစ်နေ့ မသတ္တဝါတို့မှာ ရေစုန်မျောမြပင်ဖြစ်၏။ ခက်၏။ ခက်၏။ သမီးလေးကို ယခုလိုအတိုင်းအမြဲပဲ ကြည့်သွားချင်သည်။ ပန်းလေးလို အစဉ်လန်း၍ နေစေချင်သည်။ သို့သော် ပန်းလေးသည် ဆွတ်မည့်သူကို ရှာကြမြဲ မဟုတ်ပါလား။ သူက မိဘအနေနှင့် ကြည့်နေချင်၍လည်း မဖြစ်၊ သူ့ဆန္ဒအလျောက် ညွတ်လိုသူကို ညွတ်သွားကြပေလိမ့်မည်။ အချိန်တည်းဟူသော ရန်သူကလည်း သူ့သမီးလေး၏ အလှကို ဖျက်ဆီးပစ်ပေလိမ့်မည်။

အစဉ်ပျံဝဲနေသော ပျားပိတုန်းတို့ဘေးမှရော သမီးသည် လွတ်ကင်းပါမည်လော၊ မြင့်တစ်ယောက်ပင်လျှင် ပိတုန်းတုတ်ခံရလေပြီ မဟုတ်ပါလား။

"ခင်ခင်လေး ကားရပ်နေပြီလေ၊ ဘာကိုများ ငိုင်တွေးလာလဲ"

ကိုအောင်မြင့်အသံကြားမှ ခင်ခင်လေးသည် ကား အိမ်ရှေ့ရောက်နေမှန်း သိ၏။ ကိုကိုယ်တိုင် ကားတံခါးကို ဖွင့်ပေး၍ ခင်ခင်လေးသည် ကားပေါ်မှ ဆင်းလာ၏။

"ခင်ခင်လေးကို ကြည့်ရတာ သိပ်နွမ်းနေသလိုပဲ။ မြင့်တော်တော် နေမကောင်းလို့လား"

ကို့စကားကို ပြန်မဖြေနိုင်ပေ။ ခင်ခင်လေးသည် အိမ်ထဲကို လှမ်းကြည့်၏။ အိမ်လေးမှာ တိတ်ဆိတ်၍ ထမင်းစားခန်းဘက်မှ မိ၏သီချင်းသံသည် ပျံ့လွင့်လာ၏။

"မိအထဲမှာ ရှိလား"

"ရှိတယ်၊ ခင်ခင်လေးတို့ မလာနိုင်တာနဲ့ ထမင်းစားကြမလို့ ပြင်နေတာ"

"သူကိုယ်တိုင် ထမင်းပြင်တယ်လား"

"ဟုတ်တယ် သမီးလေးဟာ လိမ္မာလာပါပြီ။ ကဲ အိပ်ခန်းထဲမှာ ခဏလှဲနေပါလား ခင်ခင်လေးရယ်။ မင်းတော့ တစ်ခုခု လန့်နေပြန်ပြီ ထင်တယ်"

"ဟုတ်တယ် လန့်သမှ သိပ်လန့်တာပဲ။ ကဲ... စားနှင့်ကြ၊ ခင်လေးတော့ မစားချင်တော့ဘူး"

ခင်ခင်လေးသည် အိပ်ခန်းထဲ ဝင်သွား၍ ခုတင်ပေါ် လှဲနေရ၏။

"ငါ့အဖြစ်နှယ် သည်းပဲသည်းလွန်းပါတယ်"ဟူ၍ သူ့ကိုယ်သူလည်း အပြစ်တင်မိ၏။

"မေမေ နေမကောင်းဘူးလား"

မိသည် သူ့အနားမှာ လာရပ်၍ နဖူးကိုစမ်း၏။ သမီးလေး၏လက်ကို ခင်ခင်လေးသည် အသာဆုပ်ကိုင်ရင်း မိမျက်နှာကို စေ့စေ့ကြည့်နေမိ၏။

"မေမေနေကောင်းပါတယ်။ သမီးတို့ထမင်းစားနှင့်နော်"

ခင်ခင်လေး ခေါင်းထဲတွင် အားလုံးတင်းကျပ်နေ၏။ ကိုသည် ထမင်းစားပြီးပြီးချင်း ခင်ခင်လေးဆီကို ရောက်လာသည်။

"ခင်ခင်လေး နေကောင်းသွားပြီလား"

"လူတော့ ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့်စိတ်ကပေါ့"

ခင်ခင်လေးသည် ခေါင်းညိတ်ပြရင်း မြင့်ကိုစွကို ပြောရကောင်းမလား၊ မပြောဘဲနေရကောင်းမလား တွေးနေမိပြန်၏။ မမကြီးပြန်လာမှပဲ ပြောတော့မယ်ဟု ဆုံးဖြတ်လိုက်၏။

"ဘာကိုလန့်တာလဲ ခင်ခင်လေး"

"ဘာရယ်လို့တော့မဟုတ်ပါဘူး။ သမီးအတွက် တွေးမိတာပါ။ သမီးကို ခင်ခင်လေးတို့ အိမ်ထောင်ချထားပေးရရင် မကောင်းဘူးလား"

ကိုသည် ခင်ခင်လေးကို မျက်လုံးအပြူးသားနှင့် ကြည့်လိုက်၏။

"ဘာပြောတယ်"

"မိကို အိမ်ထောင်ချချင်တယ်"

"အို ခင်ခင်လေးရယ်၊ သရဲများ ချောက်သလားကွယ်။ ခင်ခင်လေး ဘာဖြစ်တာလဲ၊ တို့သမီးဟာ ငယ်ပါသေးတယ်။ ကျောင်းနေရင်း ဘယ်နှယ့်ဖြစ်မလဲ"

"အဲသည် ငယ်ပါသေးတယ်ပေါ့ ကြောက်ရတာ"

"ကြောက်ရတယ်"

"ဟုတ်တယ်၊ တော်ကြာ ငယ်စိတ်နဲ့အမှားအယွင်းဖြစ်ကုန်မှဖြင့်"

"မဟုတ်သေးဘူး။ မဟုတ်သေးဘူး။ ဒါလောက်လည်း သိပ်မစိုးရိမ်နဲ့ဦး။ တို့သမီးရဲ့ အကဲလည်း ခတ်ပါဦး။ သူမကြိုက်ဘဲနဲ့ မိန်းကလေးက လိုက်စပ်ပြီး ပေးစားတာတော့ ပေါလွန်းလှတယ်"

"ရှင် ခင်ခင်လေးတို့ သမီးမှာ လိုချင်တဲ့လူတွေ ပြည့်နေပါတယ်"

"ဆိုင်းပါဦးကွယ်၊ တော်ကြာ ယောက်ျားလေးလိုချင်ရာကို တန်းစီပြရတဲ့ တန်းစီခံ မိန်းမတန်းစားထဲလည်း တို့သမီးကို အပါမခံနိုင်ဘူး"

"ဒါကြောင့် သင့်တော်တဲ့လူနဲ့ စောစောပေးစားချင်တာပေါ့"

"နေပါဦး၊ တို့များသမီးက အခု ဘာဖြစ်နေလို့လဲ"

ခင်ခင်လေးသည် ယခုလို မေးတော့မှ နည်းနည်းငြိမ်ကျသွား၏။ တကယ်တော့လည်း မိသည် ဘာမျှမဖြစ်သေးပါလား။

"မဖြစ်တော့ မဖြစ်သေးပါဘူး"

"အေးကွယ်၊ စောင့်ကြည့်ပါဦး"

*****

(၇)

မမကြီးသည် အိမ်သို့ နောက်တစ်နေ့ မနက်စောစောမှ ပြန်ရောက်လာ၏။ မြင့်ကိစ္စသည် ချောချောမောမော ဖြစ်လာဟန်တူ၏။ မမကြီးမျက်နှာသည် ပေါ့ပါးရွှင်လန်းလျှက် ရှိ၏။

ခင်ခင်လေးသည် လက်ဖက်ရည်ပွဲပြင်ရင်း မမကြီးအတွက် ပေါင်မုန့်ကို ထောပတ်သုတ်နေသည်။

"မမကြီး ကိစ္စဘယ့်နယ်လဲ"

"အားလုံးချောမောသွားပါတယ်။ ညက ညတွင်းချင်းပဲ လိုက်ရတယ်။ ဒေါ်မြိုင်ကြီးလည်း သွားခေါ်ရတာပေါ့။ တစ်ခု တော်သွားတာက သူငယ်လေးအမေက မေမေတို့နဲ့ ကျောင်းနေဖက်"

"ဘယ်သူလဲဟင်"

"ပဲခူးတိုင်းမင်းကြီးဟောင်း ဦးကန်ဘော်ရဲ့ သားပေ့ါ။ အိမ်ချင်းက သိပ်မဝေးဘူး မဟုတ်လား။ မရွှေလတ်က ဘယ်လိုပဲ ထိန်းထိန်းမိန်းကလေးက နောက်ဖေးတံခါးဖွင့်ထားရင် ဘယ်လုံလိမ့်မလဲ၊ မမကြီးဖြင့် တစ်သက်နဲ့တစ်ကိုယ် ခုလိုမပြောတတ်ဘူး။ ခုမှစကားလုံးတွေ ထွက်လာလိုက်တာ မပြောပါနဲ့။ ကိုယ့်သွေးထိလာတော့ လူများသိတတ်လိုက်တာနော်။ ပထမ ဒေါ်မြိုင်က သွားပြီး

ဦးကန်ဘော်မိန်းမ ဒေါ်ကြည်ကြည်ကို သတင်းပို့တီးခေါက်ထားရတာပေါ့။ နောက်မှ မမကြီး လိုက်သွားပြီး ဇာတ်စုံခင်းရတယ်”

“ရှက်စရာကောင်းလိုက်တာနော်”

“အမယ် မိဖုရားရယ်၊ ကိုယ့်လူက ပါနေပြီမဟုတ်လား။ သည်အရှက်ထက် ဟိုအရှက်ကခက်တယ်အမိရေ။ ဒါတောင် သူငယ်လေးက နည်းနည်းအင်နေသေးတယ်”

“အောင်မယ် သူတို့လို လူတွေကများ”

“ဒါတော့ မဖြစ်နဲ့ခင်ခင်လေး။ ကိုယ့်မိန်းကလေးက ပါသွားပြီကိုး။ ဒူးထောက်ရတာပေါ့။ ဖေဖေတို့ မေမေတို့မျက်နှာတွေ တစ်သီကြီး ထုတ်ပြရသေးတယ်။ နောက်ဆုံး ဦးကန်ဘော်ကလည်း ဝင်ပြောပေးလို့ ချောချောမောမော ဖြစ်သွားတယ်။ ဒါတောင် မရွှေလတ်က ဘယ်လောက်တင်တောင်းရမလေး၊ ဘယ်လိုမင်္ဂလာဆောင်ရမလေးနဲ့ ငါဖြင့် ငယ်ငယ်တုန်းကလိုသာဆိုရင် မိလတ်ကို ရိုက်မိသေးတယ်။ ယူတာကိုပဲ ရှိခိုးရဦးမယ်။ သိပ်ဈေးတင်မနေနဲ့လို့ မိရွှေလတ်ကို ပြောရသေးတယ်”

“ဘုရား... ဘုရား”

ခင်ခင်လေးသည် ဘုရားတမိ၏။ ဈေးတဲ့ဈေးဆိုတော့ မြင့်မှာ လူမဟုတ်၊ လူသုံးပစ္စည်းပါကလား။

ခင်ခင်လေးသည် သူတို့ပတ်ဝန်းကျင်တွင် သမီးတစ်ယောက် လင်ရဖို့ အရေးအတွက် စခန်းသွားရပုံကို နှလုံးနာလှ၏။

“ခင်ခင်လေးဖြင့် သိပ်စိတ်ညစ်တာပဲ။ အိမ်က မရွှေမိအတွက် တွေးမိတိုင်း စိတ်မောတယ်။ ကျောင်းပဲ ထုတ်ရမလား”

“တစ်ယောက်က လာပြန်ပြီလား။ ဟိုတစ်ယောက် ကျောင်းနှုတ်ပြီး အိမ်ထဲသွတ်ထားတာ လုံလို့လား။ ခင်ခင်လေးတို့လိုသာဖြင့် ဝမ်းစာအတွက် အပြင်ထွက်ပြီး အလုပ်လုပ်နေရတဲ့ မိန်းကလေးတွေ ဒုက္ခပဲ၊ ကိုယ့်ကိုကိုယ် ထိန်းနိုင်ဖို့သာ သင်ထားပေး။ သူတို့ကိုယ်ကို သူတို့ မထိန်းသိမ်းနိုင်ရင် ရှစ်ခေါ်ဘဏီနဲ့စောင့်လည်း မိန်းကလေးတစ်ယောက်ကို လုံအောင် မစောင့်နိုင်ဘူးပဲ”

“မစောင့်နိုင်ဘူး ဟုတ်ပါရဲ့။ ဘယ်လိုစောင့်မှာလဲ”

ခင်ခင်လေးသည် သူ့ဘာသာငြိမ်၍ တွေးနေ၏။

“ဘယ်လိုပဲ ထိန်းထိန်း၊ အတွေ့ကျ ဘယ့်နှယ်ရှောင်မလဲ”

“အဲသည်အတွေ့ကိုပဲ အဝေးကရှောင်ရမှာပေါ့”

ခင်ခင်လေးသည် ငိုင်ကျသွားပြန်၏။

“တခြားမိဘတွေလည်း ငါ့လိုပဲပူသလား။ ငါကပဲ တိုးထူး၍ ပူနေသလား”

သူ့ကိုယ်သူ ပြန်မေး၏။

"သည်မှာ မမကြီးရဲ့ ကောလိပ်ကျောင်းကိုလည်း ကြည့်စမ်း၊ ကျောင်းပတ်ဝန်းကျင်မှာ စိတ်ကူးယဉ်စရာ အလွန်ကောင်းတာပဲ။ ကန်ရေပြင်နဲ့ မြက်ခင်းပြင်ကိုက အရွယ်ရောက်စ လူငယ်တွေအတွက် အတွေးယဉ်စရာ သိပ်ကောင်းတာပဲ"

"အဲသည်ကျောင်းမှာ မိလိုပဲ တခြားမိန်းမပျိုလေးတွေ စာသင်နေကြတယ်ဆိုတာလည်း သတိထားပါဦး ခင်ခင်လေးရယ်"

ခင်ခင်လေးသည် ဘာမျှ ပြန်မပြောနိုင်တော့ပေ။

*****

"ထက်ကောင်းကင် မိုးဖျားက သွန်းလာ၊ ရှာမဲ့ရွှေမိုးကို စောင့်ကာ၊ ပိတောက်မြိုင်သင်းပျံ့လှိုင်လို့သာ၊ ငုံဖူး ငုံဖူးလွှာ..."

မိ သီချင်းသံသည် ခင်ခင်လေးတို့ အခန်းဆီသို့ လွင့်၍လာ၏။ မိုးဦးဖြစ်၍ ညဥ့်မှာတိတ်နေ၏။ တဖြောက်ဖြောက်ရွာကျနေသော မိုးပေါက်သံသာ ပတ်ဝန်းကျင်ကို ဖုံးလွှမ်းနေသည်။

ညဦးတွင် မိအသံသည် မိုးပေါက်ကလေးများလိုပင် ရွှင်လန်းလှ၏။ ကိုအောင်မြင့်ကမူ သူ့သမီးလေးသည် လွန်ခဲ့သော အပတ်က ဘီအေ ပထမနှစ်အောင်စာရင်းကို သိရ၍ ပျော်နေသည်ဟု ထင်သည်။

ခင်ခင်လေး မျက်လုံးထဲတွင်မူ ရွှေရောင်တောက်နေသော ပိတောက်ပွင့်ငုံတို့ကို မြင်နေ၏။ မိုးတဖြိုက်ဖြိုက်ရွာလိုက်လျှင် မိုးပေါက်တို့သည် တောတန်းတစ်လျှောက်ကို ခုန်ပေါက်၍ လှုပ်နှိုးလိုက်သလို တောပန်းရိုင်းကလေးတွေလည်း ပွင့်၍လာကြတော့မည်။ မြက်တို့လည်း အိပ်ရာမှ နိုး၍စိုပြည်စိမ်းလန်းလာကြသည်။

ပင်ထက်မှ ပိတောက်ဖူးသည် မိုးရေစက်အကျတွင် လှပစွာ ပွင့်၍လာလေပြီ။ တောတန်းတစ်လျှောက်တွင် ပိတောက်နံ့သည် သင်းပျံ့မွှေးကြိုင်၍ နေပေတော့မည်။ ပိတောက်နှင့် မိုးသည်လည်း ဓမ္မတာအလျောက် တွေ့ဆုံကြပေမည်။ မိုးမရွာလျှင်လည်း ပိတောက်ငုံသည် မိုးကိုမျှော်ပေမည်။

"ပေဟမာရဂုံနန်းမှာ ပွင့်လန်းနေချင်ရှာ၊ ပေါ်လာကိုရွှေမိုးရာ၊ သဝေထိုးကာ၊ လှည့်စားလို့သာနေအားတာ..."

ချစ်သူပန်းပွင့်လန်းဖို့ရာ၊ ကိုရွှေမိုးကို မျှော်ကိုးမိတာပါ... ...

မိ သီချင်းသံသည် ရွှင်၍နေ၏။ သူ့သမီးလေးသည် သီချင်းကို စိတ်ပါပါ ဆိုနေပုံရ၏။

"ကိုရွှေမိုးကို မျှော်ကိုးမိတာပါ..."

ခင်ခင်လေးသည် တစ်လုံးစီဆိုလိုက်၏။ ကိုအောင်မြင့်မှာ သီချင်းဆိုနေသော ခင်ခင်လေးကို အံ့အားသင့်နေ၏။

"သီချင်းတွေဘာတွေ ဆိုလို့ပါလား"

ခင်ခင်လေးသည် ကို့ဘက်ကို လှည့်လိုက်သည်။

"သမီးလေး သီချင်းဆိုနေသံကြားလား..."

"ကြားတာပေါ့။ သမီးလေးအသံဟာ သိပ်အေးတာပဲနော်။ စာမေးပွဲအောင်တဲ့ အထိမ်းအမှတ်နဲ့ စန္ဒရားတစ်လုံးဝယ်ပေးရဦးမယ်"

"အေးတယ်၊ ပြီးတော့ ရွှင်တယ်၊ အဲဒါဘာဖြစ်လို့လဲသိလား။ သမီးလေးရဲ့ နှလုံးသားမှာ တစ်ခုခု ရှိနေပြီ..."

"ဘာပြောတယ်၊ သမီးမှာ ချစ်သူရှိနေပြီပေါ့"

"ဟုတ်တယ် ကြည့်ပါလား သီချင်းကလည်း ပန်းဖူးလေးဟာ မိုးကိုစောင့်နေတယ်တဲ့"

"အဲဒါနဲ့ပဲ သမီးမှာ ချစ်သူရှိရောလား"

"ကိုက ခက်ပါတယ်လေ၊ ခင်ခင်လေးလည်း မပြောချင်ဘူး"

"အေးပေါ့လေ၊ သမီးပျိုတွေရဲ့ စိတ်ကို အမေကပဲ လေ့လာနိုင်တာပေါ့"

ခင်ခင်လေးသည် သက်ပြင်းချရင်း ကို့ကို စိုက်ကြည့်ပြန်၏။ ကို၏ ဖြောင့်သောနာတံသည် သမီးလေးတွင် ပါ၏။ သူ၏မို့သော ပါးနှင့်ဝိုင်း၍တောက်ပသောမျက်စိသည် သမီးလေးတွင်ရှိ၏။ သမီးသည် မိဘတို့ထံမှ အလှအပများကို အမွေအနှစ်ရထားသူဖြစ်၏။ ယခုအခါတွင် သမီးလေးအလှသည် ရွှင်လန်း၍နေပေပြီ။

တစ်ချိန်တုန်းကလည်း ခင်ခင်လေးသည် သမီးလေးလိုပင် လှပခဲ့၏။ သူ့အသည်းနှလုံးသည်လည်း အချစ်ဖြင့် ပြည့်ခဲ့ဖူး၏။ ကိုအောင်မြင့်ကို ခင်ခင်လေး ကြည့်မိပြန်သည်။

"ကိုတော့ ခင်ခင်လေးကို ဘယ်လိုထင်မလဲ မသိဘူး"

"မထင်ပါဘူး။ ခင်ခင်လေးတစ်ယောက် ပျော်အောင် မအိပ်နိုင်မှာကိုပဲ စိုးရိမ်တယ်"

"ခင်ခင်လေး အိပ်မှာပါပဲ၊ တစ်ခုခက်နေတာက မိန့် ခင်ခင်လေးဆက်ဆံပုံက မပွင့်လင်းဘူး။ ခင်ခင်လေးအပျိုတုန်းကဆို ဘယ်သူက စာပေးပေး မေမေ့ကို ပြတာပဲ။ မေမေကလည်း စာဖတ်ကြည့်ပြီး ခင်ခင်လေးကို ဝေဖန်ပြတယ်။ မေမေ့ကို ဆက်ဆံရတာက သည်လိုနေရာမျိုးကျရင် သူငယ်ချင်းကောင်းတစ်ယောက်လိုပဲ"

"ခင်ခင်လေး ရည်းစားကျတော့ မေမေက ဘာပြောသလဲ"

ခင်ခင်လေးသည် အိပ်နေရာမှ ကိုအောင်မြင့်လက်ကို လှမ်းဆုပ်လိုက်၏။ သူသည် သူ့ငယ်ချစ်အကြောင်းကို ပြန်ပြောရသည့်အတွက် ကို့ကို အားနာသလို ဖြစ်မိ၏။

"ကိုတင်အောင် အကြောင်းလား၊ သူ့စာလဲ မေမေ့ကို ပြပါတယ်။ မေမေက စာတွေအများကြီးကို ဖတ်တယ်။ ပထမတော့ မဝေဖန်ပါဘူး။ နောက် ခင်ခင်လေးက ကိုတင်အောင်ကို ပြန်ကြိုက်ချင်တယ်ဆိုတော့မှ မေမေက ဝေဖန်တယ်"

"ဘယ်လိုပြောလဲ"

"သည်သူငယ်ကို မေမေ့သဘောတော့ မကြိုက်စေချင်ဘူးတဲ့။ သမီးအပေါ်မှာ သစ္စာရှိမယ် မထင်ဘူးတဲ့"

"သစ္စာရှိမယ် မရှိဘူး မေမေက ဘယ်နယ့်သိသလဲ"

"ကိုတင်အောင် ဓာတ်ပုံကိုကြည့်ပြီး ပြောတာပဲ၊ ဒါကြောင့် ခင်ခင်လေးက မေမေ့ကို အံ့သြတာပေါ့။ သူက လောကမှာ မိခင်တစ်ယောက် ဖြစ်ထိုက်ပါတယ်။ သူ့စွပ်စွဲတာဟာ အသားလွတ်လို့ ထင်ရင်လည်း ခင်ခင်လေးဟာ ချစ်ချင်ရင် ပြန်ချစ်ပြီး စောင့်ကြည့်တဲ့။ ဒါပေမယ့် အတွေ့တော့ မခံနဲ့တဲ့။ မေမေပြောတာတွေဟာ နောက်တော့ သိပ်မှန်တယ်"

"တကယ်..."

"တကယ်ပေါ့။ ခင်ခင်လေးဖြင့် ခုထိလည်း တစ်ခါတစ်ခါ သူ့ဖောက်ပြန်တာကို မယုံနိုင်ဘူး။ ခင်ခင်လေးလည်း ဒါကြောင့် စိတ်ပျက်ပြီး ဥပစာတန်းက ထွက်လိုက်တယ်။ ကိုတင်အောင်ဟာ တော်ပါပြီလေ၊ လူတစ်ယောက်ရဲ့ ဖောက်ပြန်ပုံကိုပြန်ပြီး မဖော်ပါရစေနဲ့တော့"

ခင်ခင်လေးသည် သူ့စကားကို ရပ်ပစ်လိုက်၏။

"ကဲ ဒါတွေ တွေးမနေပါနဲ့တော့ အိပ်တော့"

"အိပ်မှာပါပဲ၊ ခင်ခင်လေး လိုချင်တာက ခင်ခင်လေးဟာ ဘာမဆို မေမေ့ကိုပွင့်ပွင့်လင်းလင်း တိုင်ပင်သလို မိဟာလည်း သည်ကိစ္စတွေမှာ တိုင်ပင်စေချင်တယ်"

"တစ်ခုကလည်း ခင်ခင်လေး မေမေက သမီးတစ်ယောက်သာ သူ့ကို သည်လိုကိစ္စမျိုးမှာ ဖွင့်ပြီး တိုင်ပင်အောင် လမ်းကြောင်းပေးပြီး သူငယ်ချင်းလို နေချင်နေမှာပေါ့။ ခင်ခင်လေးနေတာက တစ်မျိုးကြီးပဲ"

"ဟုတ်တယ် ခင်ခင်လေးကိုယ်တိုင်ကလည်း သမီးကို ပွင့်ပွင့်လင်းလင်း မဆက်ဆံခဲ့မိဘူး"

"ကဲ အိပ်တော့ ခင်ခင်လေးရယ်"

ကိုသည် ခင်ခင်လေးကို ရင်ခွင်ထဲဆွဲသွင်း၍ သိပ်နေပြန်သည်။ ရင်ခွင်ထဲမှာ မှိန်းနေပေမယ့် ခင်ခင်လေး မျက်လုံးများထဲတွင်မူ အတိတ်ကို မြင်နေသည်။

ငယ်စဉ်ကအချစ်ကို တွေးတောရသည်မှာလည်း ချိုမြိန်စရာ ကောင်းလှ၏။ ခင်ခင်လေးရင်ထဲတွင် တစ်ခါတစ်ခါ အမှားကို တွေးမိ၏။ သူသည် သူ့ချစ်သူကို အတွေ့မခံ၍ ချစ်ဦးသူနှင့် လွဲရလေသလော။

ဆောင်း၏တစ်ညကို ခင်ခင်လေးသည် ဘယ်တော့မျှ မမေ့ပေ။ ဆောင်းညသည် နှင်းမှုန်ပိတ်နေသော်လည်း လရောင်သည် နှင်းမှုန်များကို ထိုးဖောက်၍ သွန်ကျနေသည်။ ထိုညဦးတွင် မောင်သည် ခင်ခင်လေးကို တွေ့ရန် ချိန်း၏။ မောင်သည် ခင်ခင်လေးကို စောင့်နေ၏။ နှင်းစက်တွေမှာ မြက်ပင်လေးများပေါ်သို့ ကျနေ၏။ ငုက်ပျောရွက်နနပေါ်တွင် နှင်းစက်များသည် တဖိတ်ဖိတ်တောက်နေသည်။ ငုက်ပျောပင်ခြေတွင် မောင်သည် ငြိမ်၍စောင့်နေ၏။ မောင်စောင့်နေစဉ်က ခင်ခင်လေးသည် ပြတင်းမှရပ်၍ မောင့်ကို ကြည့်နေ၏။ ဆောင်းလေမှာ အေး၍ကြမ်းလှသည်။ မောင်တစ်ယောက်တော့ ချမ်းရှာရေ့မည်။ သို့သော် ခင်ခင်လေးသည် သူ့ခြေများကို ရွေ့၍မရပေ။

လဝန်းသည် တဖြည်းဖြည်း အနောက်ဘက်သို့ စောင်း၍လာ၏။ ယခင်ကလို လဝန်းသည် ငွေရောင်မတောက်တော့ဘဲ ကြေးနီရောင်သို့ ပြောင်း၍လာ၏။ နှင်းမှုန်များသည်လည်း ပို၍သိပ်လာ၏။ နှင်းစက်များပြည့်နေသော ငုက်ပျောရွက်များသာ မောင့်အနားမှာ လှုပ်ရှားနေကြ၏။

ခင်ခင်လေးသည် မျက်ရည်တွေသာ ဝိုင်း၍ ခြံထဲမှ ထွက်သွားသော မောင့်ကို ကြည့်နေမိသည်။ သူ့ခြေထောက်များကမူ ပြတင်းနားမှ ရွေ့၍မရပေ။ ထိုစဉ်ကတော့ မောင်သည် သူ့ကို အသည်းစွဲခဲ့ပေသည်။ လောကတွင် သဘာဝသည် ဘယ်လောက်ပင်လှလှ ခင်ခင်လေးအဖို့ ကြေးနီရောင်လနှင့် နှင်းစိုသော ငုက်ပျောရွက်အလှလောက် ဘယ်အလှကိုမျှ မမြတ်နိုးပေ။ ယခုတော့ အတိတ်တစ်ခုသည် ပြီးဆုံးခဲ့ပေပြီ။

*****

ခင်ခင်လေးသည် ကို့ရင်ခွင်ထဲမှ အသာထလိုက်၏။ သမီးလေးအခန်းရှိရာသို့ ထသွားမိသည်။ သမီးလေးသည် ဇာခြင်ထောင်ထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ မှန်ပြတင်းမှ လရောင်သည် ဇာခြင်ထောင်ကို အရောင်ဟပ်၍ သမီးမျက်နှာသည်လင်း၍ လှပပေသည်။

“သမီးလေးကို မေမေဟာသိပ်ချစ်တာပါပဲ”

ခင်ခင်လေးသည် တကယ်တော့ အရူးတစ်ယောက်ပင်ဖြစ်၏။

“သမီးလေး ကြေးနီရောင်လကို ဘယ်တော့မှ ထမကြည့်နဲ့နော်”

သူ့ကဲ့သို့ ချစ်ဦးသူ၏ သစ္စာဖောက်ခံရမည်ကို ခင်ခင်လေးသည် စိုးရိမ်မိသည်။ အပြင်တွင် လရောင်သည် တဖြည်းဖြည်း မှိန်လာ၍ မိုးသားများ ကောင်းကင်တွင် တက်လာကြပြန်သည်။ ခြေရင်းသို့ လျောကျနေသော စောင်ကို မိကိုယ်ပေါ်သို့ ဆွဲ၍ တင်လိုက်၏။ လရောင်မှိန်သွားပေမယ့် သမီးလေးမျက်နှာသည် မို့မို့ဝင်းနေသည်။ တစ်နေ့သောအခါတွင် ဤပါးမို့မို့လေးများသည် တစ်စုံတစ်ယောက်သောသူ၏ နှာခေါင်းအောက်သို့ ကျရောက်လိမ့်မည်မဟုတ်ပါလား။ ခင်ခင်လေးသည် ခြင်ထောင်ကို အသာဖိ၍ထားခဲ့၏။

*****

(၈)

စန္ဒရားသံသည် သက်မဲ့ပစ္စည်းများပင် လှုပ်ရှားလာမတတ်ရှင်လှ၏။ မနက်က ညှိုး၍ခွေကျနေသော စားပွဲပေါ်မှ နှင်းဆီတစ်ခက်ပင် ခေါင်းမော့၍လာသလိုဖြစ်၏။ ခန်းဆီးအဝါစင်းသည် လေတွင် လွင့်နေပုံမှာ စန္ဒရားသံနှင့် ဟန်ပါလှ၏။

ခင်ခင်လေးသည် လက်ထဲမှ ထိုးလက်စသိုးမွှေးအကျီကို အသာချထား၏။ သမီးလေးသည် နှစ်လလောက်အတွင်း ဖျတ်လတ်သွက်လက်စွာ တီးနိုင်ပုံကို အံ့ဩနေသည်။ တီးလုံးသည် ရွှင်၍ ကြွကြွရွရွရှိသလို မိမျက်လုံးများသည်လည်း တောက်ပ၍ ရွှန်းရွှန်းစိုနေသည်။ ပါးမို့များသည် နှင်းဆီပွင့်လို နီနီထွေးထွေးနှင့် သွေးကြွနေဟန်ပေါက်၏။ စန္ဒရားဆရာသည် စည်းကိုမှန်မှန်တီးရင်း သီချင်းကို လိုက်၍ဆိုပေး၏။

ကိုအောင်မြင့်ပင် အိပ်ခန်းထဲမှာ မနေနိုင်ဘဲ ဧည့်ခန်းထောင့်တွင် လာထိုင်ကာ မိ၏စန္ဒရားသံကို နားထောင်၏။ စန္ဒရားသင်ပြီးချိန် မိသည် ဆရာ့ကို ဆင်ဝင်အောက်အထိ လိုက်ပို့၏။ ခင်ခင်လေးကမူ အားလုံးကို ငေးမောကြည့်နေသည်။ မိ နောက်ဖေးခန်းသို့ ဝင်သွားတော့မှ ကို့အနားကို ခင်ခင်လေးလာထိုင်လေသည်။

“ကိုရေ စန္ဒရားသင်တဲ့ဆရာက လူပျိုလား၊ မိန်းမနဲ့လား”

ကိုအောင်မြင့်သည် ခင်ခင်လေးကို အံ့ဩသလို ကြည့်လိုက်ပြန်သည်။ ခင်ခင်လေးကိုယ်ကို ဆွဲ၍လှုပ်ရင်း ရယ်နေပြန်၏။

"မသောက ဘာကိုပူလာပြန်ပြီလဲ၊ တမင်ခင်လေးရဲ့ ပူပင်သောက ဗျာပါဒကို သိလို့ မိန်းမနဲ့လူအိုကို ငှားထားတာခင်ဗျာ့၊ ဘာမှပူမနေနဲ့"

"ဟင်..."

ခင်လေးသည် မျက်လုံးပြူးသွားသည်။

"အဲဒါမှ ပိုပြီးဆိုးတာ ကိုရဲ့"

"ဘာဖြစ်တယ်..."

"လူအိုမှပိုဆိုးတာ၊ ဂီတဆိုတာက အားလုံးကို ဖန်ဆင်းတယ်သိလား၊ စိတ်နှလုံးက သိပ်ပြီး သိမ်မွေ့နေချိန်မှာ အတွေးအင်မတန်ယဉ်တာ၊ သရဲလောက် အရုပ်ဆိုးနေပေမယ့် ဂီတကို တီးဆိုနေချိန်မှာ အသံဟာ သရဲရုပ်ကြီးကို မင်းသားလို ဖန်ဆင်းတာ၊ ဒါကြောင့်ပေါ့ အဖိုးကြီး စန္ဒရားသင်ပေးရင်းနဲ့ သင်တဲ့မိန်းကလေးနဲ့ ညားတာတွေလေ ကို ဖတ်ဖူးတယ် မဟုတ်လား။ ခုလဲကြည့်ပါဦး။ မတော်တဆ ညားသွားရင်၊ အမယ်လေး မယားကြီးရှိတဲ့သူနဲ့ ညားမိမှ ပိုဆိုးမှာကိုရဲ့။ ပြီးတော့ သီချင်းကလည်း များသောအားဖြင့် ဘယ်လောက်ချစ်ပါတယ်ဆိုတဲ့ အချစ်ကို နှလုံးသားက ဖွင့်ပြတဲ့ အဖွဲ့အနွဲ့တွေ၊ ချစ်ရခြင်းအတွက် ဘယ်လောက်ပူပန် ဆင်းရဲရပါတယ်ဆိုတဲ့ တိုးလျှိုးတောင်းပန်တဲ့ အဖွဲ့အနွဲ့တွေ မဟုတ်လား။ အမယ်လေး သီချင်းတွေ ဂီတတွေနဲ့ ဖုံးသွားရင် မယားကြီးရှိတာတွေ ဘာတွေ မမြင်တော့ဘူး။ ဒါမျိုးဟာ ဖြစ်တတ်တယ်နော်"

"အင်း သည်လိုဆို ခက်သေးတယ် မရွှေခင်ခင်လေးရေ။ မင်းသမီးအတွက် လူပျိုဆရာ လိုက်ရှာရဦးမှာပေါ့"

"ဟုတ်တယ်၊ လူပျိုဆရာဆို နည်းနည်းသင့်သေးတယ်။ တတ်နိုင်ရင်တော့ မိန်းမဆရာပဲ ငှားခဲ့ပါကိုရယ်"

ကိုသည် ခေါင်းကို တဖြစ်ဖြစ်မြည်အောင် ကုတ်လိုက်၏။ နောက်လတွင်မူ မိကို စန္ဒရားသင်ရန်အတွက် ဆရာမအသစ်တစ်ယောက်ကို ပြောင်း၍ ငှားလိုက်သည်။

ပထမတော့ မိသည် ဆရာအပြောင်းအလဲကြောင်းကို မရိပ်မိပေ။ နောက်တော့မှ သူသည် သူ့မေမေ အစီအစဉ်ကို ရိပ်မိတော့သည်။

မိသည် တခိခိရယ်ရာမှ ဟက်ဟက်ပက်ပက်ရယ်၏။ ဒေါ်ကြီးကို ဆွဲ၍လှုပ်ကာ ရယ်ပြန်၏။

"ဒေါ်ကြီးရဲ့ညီမက ဒေါ်သောကကြီး သိလား၊ ဟာဟ။ ပူလိုက်ရတာ တကတည်း လူများက ဒါလောက်ပဲ စိတ်မထိန်းနိုင်ဘူးတဲ့လား"

ဒေါ်ကြီးစိတ်ထဲတွင်လည်း ခင်ခင်လေးအဖြစ်သည် နည်းနည်းသဲလွန်းသည်ဟု ထင်၏။

"အေး ဟုတ်တယ်၊ ခင်ခင်လေးနာမည်ကို မသောကလို့ ပြောင်းရင်ကောင်းမယ်"

ခင်ခင်လေးနာမည်ကို တစ်အိမ်လုံးက မသောကဟူ၍ ကင်ပွန်းတပ်လိုက်၏။ မမကြီးသည် ခင်ခင်လေးနှင့်မိကြားတွင် တစ်ခါတစ်ခါ စခန်းသွားရသည်မှာ အတော်ခက်၏။ မိကို တစ်ဖက်မှနှိမ်သလို ခင်ခင်လေးကိုလည်း လျော့ဖို့ ပြောရသေး၏။

"သမီးပျိုအတွက် စိတ်ပူတာလည်း ပူတာပေါ့။ ဒါပေမယ့် ခင်ခင်လေးဟာ တရားလွန်တယ်။ အမှန်အတိုင်းဆိုရင် တို့များမှာ အားလုံးပေါင်းမှ မျက်စိခြောက်လုံးပဲ ရှိတယ်။ သည်မျက်စိတွေကလည်း သူလှုပ်ရှားသမျှ လိုက်ပြီး မကြည့်နိုင်ဘူး မဟုတ်လား။ ကွယ်ရာမှာ သူလုပ်ချင်ရင် ဖြစ်တာပဲ။ သည်တော့ ဒါလောက် ခင်ခင်လေးဖြစ်နေရင် မိက အရွဲ့တိုက်ချင်တိုက်မှာ..."

ခင်ခင်လေးရင်ထဲတွင်မူ မမကြီးပြောသည်ကို မကျေနပ်ပေ။ "အပျိုကြီး သူ့မှာ သမီးမရှိတော့ ဘယ်ပူပင်တတ်မလဲ"ဟု စိတ်ထဲက ချေပမိ၏။ သမီးလေးကို တတ်များတတ်နိုင်လျှင် ဝမ်းထဲသို့ ပြန်၍ သွင်းထားလိုက်ချင်သည်။ သမီးအတွက် လုံခြုံသောနေရာသည် သူ့တွင်မရှိပေ။ အမှန်တော့လည်း မိသည် လှလွန်း၏။ ထိုအလှအပမှာ တစ်နေ့သောအခါ မိကို ရန်ရှာလာမှာ ခင်ခင်လေးက စိုးရိမ်သည်။

တနင်္ဂနွေတစ်နေ့တွင် မိသည် သူ့မိတ်ဆွေတစ်ယောက်နှင့် ခင်ခင်လေးကို မိတ်ဆက်ပေး၏။

"မေမေ ဒါက မိနဲ့ တစ်တန်းတည်းပဲ ဖီးလစ်လှဘော်တဲ့"

မိသည် သူ့သူငယ်ချင်းဘက် လှည့်ရင်း...

"ဖီးလစ် မိတို့ မေမေလေ"

ခင်ခင်လေးသည် ဖီးလစ်အား ပြန်၍ နှုတ်ဆက်ရင်း ပြုံးပြုံးရယ်ရယ် စကားပြောနေ၏။ ရင်ထဲတွင်မူ ဖီးလစ်သည် မိ၏ ရိုးရိုးသူငယ်ချင်းလား၊ မိ၏ ရည်းစားပေပဲလား။ သူသည်လည်း ခေတ်မီသော မိန်းမတစ်ယောက်၊ ယခုခေတ်ထဲတွင် ကြီးပြင်းလာသူ မိန်းမတစ်ယောက်ဖြစ်ပေမယ့် မရွှေမိတို့ခေတ်ကိုမူ သူလိုက်၍ မမီပွဲမည်လား။

ဆင်ဝင်အောက်တွင်ရပ်ထားသော စတူဒီဘေကာကားကြီး၏ သပြေသီးမှည့်ရောင်မှာ စိုလှ၏။

ဖီးလစ်၏မျက်နှာကလည်း တောက်ပလှ၏။ ဖီးလစ်သည် အထူးသဖြင့် ခင်ခင်လေးကို အရေးပေး၍ စကားပြော၏။ များသောအားဖြင့် စကားလုံးများထဲတွင် သူ့အဖေ စက်ရှင်မင်းကြီးအကြောင်းသည် ခဏခဏပါ၏။ ကားကိုလည်း ဓာတ်ဆီကုန်ပေမယ့် ကျယ်ကျယ်ဝန်းဝန်းမှ ကြိုက်သည့်အကြောင်းလည်း ပါ၏။

အမှန်တော့ ဖီးလစ်သည် မမလတ်ကြိုက်မည့် လူငယ်စားမျိုးဖြစ်၏။ မမလတ်သာ စောစီးစွာ ဖီးလစ်ကို တွေ့က အမြန်ဆုံးသမက်ဖမ်းလိုက်မည် ဖြစ်၏။ သို့မှသာ စက်ရှင်မင်းကြီးနှင့် အရေးပိုင်စကားလုံးတို့သည် သူတို့အိမ်ဝင်းတွင် သမာသမတ်ပေါင်းစပ်၍ ဖုံးလွှမ်းကာနေမည် ဖြစ်၏။

“ဒေါ်ဒေါ်လည်း အားရင် ညနေဘက် ခြောက်နာရီခွဲ ဘိုင်စကုပ်လိုက်ကြည့်ပါလား ခင်ဗျာ”

“တော်ပါ မောင် တော်ပါ။ အဲသည်အချိုးတွေတော့ ဒေါ်ဒေါ်က နောကျေလာတာ။ ကျုပ်သမီးကို မောင်ရင်က ချိန်ချင်လို့ လမ်းထွင်တာ မဟုတ်လား။ ကန်တော့ဆွမ်းလောင်းလိုက်ပါသေးရဲ့”

ခင်ခင်လေးသည် ပါးစပ်က ပြုံးပေမယ့် ဝမ်းထဲမှာတော့ ယခုအတိုင်း ပြောနေ၏။ သမီးချောအမေဆိုသည်မှာ ပိုက်ကွန်တို့ကို အတော်ကြည့်ရပါကလား။

“ကျေးဇူးတင်ပါတယ်ကွယ်။ ညနေဘက်မှာ မိတို့ဖေဖေရယ်၊ ဒေါ်ဒေါ်ရယ်၊ မိရယ် သွားစရာတစ်ခု ရှိတယ်ကွယ့်။ နောင်မှ ကြုံကြိုက်ရင် သွားကြတာပေါ့”

“သွားစရာရှိရင် ကျွန်တော်လိုက်ပို့မယ်လေ၊ ကားကကျယ်ပါတယ်”

လာလာချေသေးတော့။ အလိုက်ကန်းဆိုးမသိတဲ့ဟာလေး။ ခင်ခင်လေးသည် စိတ်ထဲမှ ဆဲမိပြန်၏။

“နေပါစေကွယ်၊ ဒေါ်ဒေါ်တို့ အိုပယ်ကားနဲ့ ဒေါ်ဒေါ်တို့မိသားစုနဲ့ အတော်ပါပဲ”

“နောင်လိုချင်ရင် မှာပါ ဒေါ်ဒေါ် ဟဲ… ဟဲ”

“ဟဲ… ဟဲ”

နောက် ‘ဟဲ… ဟဲ’မှာ မရယ်ချင့်ရယ်ချင်နှင့် ခင်ခင်လေးလိုက်၍ ရယ်ရသော ရယ်သံဖြစ်၏။ ဖိုးလစ်သည် မိကိုညနေ ရုပ်ရှင်ခေါ်ဖို့ အစီအစဉ်မဖြစ်နိုင်တော့၍ ချွေးပြန်လာ၏။ လက်ကိုင်ပဝါကို ထုတ်သုတ်လိုက်၏။ လှိုင်းတွန့်လေးဖြစ်နေသော ရှေ့ထိပ်မှ ဆံနွယ်လေးမှာ နဖူးပေါ်သို့ ခွေခွေလေးကျလာ၏။ မိ စိတ်ထဲတွင်လည်း ဒါလောက်ကဗျာဆန်စွာ လှပသော ဖိုးလစ်လိုလူမျိုးကို မကြိုက်ပေ။

ဖိုးလစ်ပြန်ချိန်တွင် မိသည် ဝတ္တရားရှိသည့်အတိုင်း ဆင်ဝင်ဝသို့အထိ လိုက်၍ပို့ရင်း နှုတ်ဆက်နေ၏။ မမကြီးသည် ဧည့်ခန်းကိုဝင်လာရင်း မိကို လှမ်းကြည့်နေ၏။

“သည်သူငယ်က ဘယ်သူတဲ့လဲ ခင်ခင်လေး”

“ဖိုးလစ်လှဘော်တဲ့ မမကြီးရယ်၊ မိသူငယ်ချင်းတဲ့၊ အမှန်တော့ လာပိုးတာပါ။ သူ့ကားကြီးပြပြီး ဆွယ်လိုက်သေးတယ်”

“သြော်… ခင်ခင်လေးရယ်။ အပျိုရှိ လူပျိုလာပိုးတာပေါ့ကွယ်။ ဘုတွေဘောက်တွေများ ပြောလိုက်သေးလား”

“ပြောတော့မပြောပါဘူး။ နောက်လာရင်တော့ ခပ်တည်တည်နေရမှာပဲ။ အဲသည်လို ဂိုက်တွေက အင်မတန်ကြွားတာ မမကြီးရဲ့။ သူ့ကားနဲ့ မိ တစ်ခေါက်တစ်လေ လိုက်သွားစမ်း ‘မိတော့ ငါနဲ့ဖြစ်နေတာကွ’ ဘာညာနဲ့ ယောက်ျားချင်းချင်း ကြွားမယ့်ရုပ်သီလား”

မမကြီးသည် ခင်ခင်လေးတွေးလုံးကို သဘောကျလွန်း၍ ဟက်ဟက်ပက်ပက် ရယ်၏။ နောင်သည့်ထက်ပို၍ ပို၍ ခင်ခင်လေးသိလာပေမည်။

"ခင်ခင်လေး တွေးတောပူပန်ရသလိုပဲ မေမေဟာ ခင်ခင်လေးတို့ အပျိုဖြစ်လာချိန်မှာ ပူပန်ရတာပဲ သိရဲ့လား"

မမကြီးစကားလုံးများကြောင့် ခင်ခင်လေးသည် ဝမ်းနည်းသွား၏။ မုန်၏။ မေမေတစ်ယောက်လည်း သူ့အတွက် အတော်စိုးရိမ်ပေမည်။

ကျောင်းပိတ်ရက်များတွင်မူ မိထံသို့ မိန်းကလေးသူငယ်ချင်းများရော၊ ယောက်ျားလေးများပါလာ၍ လည်ပတ်၏။ မိကိုတော့ ယောက်ျားလေးအဖော်များနှင့် လည်ပတ်ခွင့်ကို ခင်ခင်လေးက ခွင့်မပြုပေ။ မိ သူငယ်ချင်းများထဲတွင် ဖီးလစ်လှဘော်သည် အများဆုံးလာ၏။ လာတိုင်းလည်း သူ့လက်ထဲတွင် ရာသီလိုက်ပေါ်သော စားစရာသီးနှံတွေ အမြဲလိုပါ၏။

"ခင်ခင်လေးတော့ သည်ကောင်လေး လက်ဆောင်တွေ ယူလာတာ မကြိုက်ပါဘူး။ သူက သမီးကို လက်ဆောင်နဲ့မျှားရင် ရမယ်ထင်နေလား မသိဘူး။ လက်ခံရတာလည်း စိတ်မသန့်ဘူး။ တစ်နေ့နေ့တော့ သည်ကောင်လေးကို ပြောင်ပြောမိလိမ့်မယ်"

မမကြီးသည် ခင်ခင်လေးကို တောင်းပန်ထားရပြန်၏။

"ကိုယ့်သမီးက မပါရင်ပြီးတာပဲ။ ဘယ်သူပိုးပိုးပေ့ါ။ ကိုယ်က အပေါက်ဆိုးမှတ်ရင် တော်ကြာ ရက်ရမ်းရမ်းပြီး မတော်တရော်လုပ်ရင် မိန်းကလေး နစ်နာမှာ၊ ဟန်မပျက်နေပါ ခင်ခင်လေးရယ်"

ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်းမှာမူ မိသည် ပျော်ပွဲစားသွားရန် ခင်ခင်လေးကို ခွင့်တောင်း၏။ ခင်ခင်လေးသည် ခွင့်မပြုချင်ပေ။ ကိုအောင်မြင့်ကတော့ ခွင့်ပြုချင်၏။

"ဘာဖြစ်သေးလဲ ခင်ခင်လေးရယ်။ တစ်ခါတစ်လေသွားပါစေ"

"မဖြစ်ပါဘူးကိုရယ်။ ယောက်ျားလေးတွေ အများကြီးပါမယ်။ ကိုက ဘာမှမသိဘူး။ ခင်ခင်လေးကျောင်းနေတုန်းက ထိပြီးပြီ သိလား။ ဆရာမတွေပါ ပါလို့၊ ယောက်ျားလေးတွေနဲ့ ပျော်ပွဲစားထွက်သွားမိပါတယ်။ တစ်ခါတည်းကို မပြောချင်ဘူး။ မိန်းကလေးတွေဟာ 'ခေါ်တိုင်းလိုက်'အဖြစ်ကိုရောက်အောင် အပြောခံရတယ်ကိုရေ၊ ကိုတို့ ယောက်ျားလေးတွေပဲပေ့ါ။ အင်မတန် အသားယူပြောတာ"

"အေး သည်လိုဆိုလည်း မိ ကျေနပ်အောင် တစ်နေရာရာတော့ တို့သွားလည်ဖို့ ကောင်းတယ်"

"မိန်းကလေးတွေချည်း သွားလို့ ပြောပြီးပါပြီ"

mmcybermedia .com

မိတို့အိမ်သို့ လာရောက်လည်ပတ်သူများထဲတွင် မောင်မောင်ခေါ် အလ်ဖရက်တစ်ယောက် တိုး၍လာသည်။ မောင်မောင်သည် ညဘက်မှာ လာရောက်လည်ပတ်၍ မိနှင့် သီချင်းတစ်ပုဒ်တီးပြီးမှ ပြန်လေ့ရှိ၏။

ဘီအေ နောက်ဆုံးနှစ်အတွက် မိ စာကြိုးစားနေချိန်တွင်တောင်မှ မောင်မောင်သည် မိထံကို လာ၏။ တစ်ခါတစ်ခါ စာသွားသင်၏။ တစ်ခါတစ်ခါလည်း စန္ဒရားတီးကာ ပြန်သွားတတ်သည်။ မောင်မောင်သည် ဘီ-အက်-စီ(သစ်တောဘွဲ့)ရ၍ အစိုးရသစ်တောဌာနတွင် အလုပ်သင်ဝန်ထောက်အဖြစ် လုပ်နေသည်ကိုသာ ခင်ခင်လေးသိလေသည်။

*****

မိစာမေးပွဲပြီးဆုံးသွားလေပြီ။ ရှေ့နှစ်တွင် မိကျောင်းဆက်နေဖို့ မလိုတော့ပေ။ မိသည် စာအုပ်များကို သိမ်းဆည်းနေ၏။ အားလုံးကို ဗီရိုထဲသို့ ပြန်၍သွင်းရပေမည်။ ရှေ့နှစ်တွင်မူ ဤကျောင်းစာအုပ်များကို ဖတ်ရန်မလိုတော့ပေ။

ခင်ခင်လေးသည် အဖုံးစုတ်နေသော စာအုပ်များကို ကော်နှင့်သေသပ်စွာ ကပ်ပေး၏။ အခန်းထောင့်ရှိ စာအုပ်စင်ပေါ်မှ ဖရိုဖရဲဖြစ်နေသော စာအုပ်များကို ပြန်၍စီပေး၏။

"ခင်ခင်လေး ခဏလောက် လာဦးဟေ့"

မီးဖိုချောင်မှ မမကြီး၏ ခေါ်သံကြောင့် ခင်ခင်လေးသည် အခန်းထဲမှ ထွက်လာ၏။

မမကြီးသည် နေ့လယ်တွင် ခေါက်ဆွဲသုတ်စားရန်အတွက် မုန့်ကြွပ်များ ကြော်နေ၏။

"မယ်ရွှေရေ အဲသည်မုန့်ကြွပ်ဆက်ကြော်ထားစမ်း"

မမကြီးသည် ခင်ခင်လေးကို ထမင်းစားခန်းဘက်သို့ ပြန်၍ ခေါ်လာ၏။

"ဘာလုပ်မလို့လဲ မမကြီး"

"ထိုင်ဦး"

ရေချိုးနေထဲမှ ရေကိုင့်ရှံ၍ မမကြီးက သောက်လိုက်သည်။ မမကြီးသည် စကားတစ်လုံးပြောမည့်အရေး ဘာများလုပ်နေပါလိမ့်။ ခင်ခင်လေးသည် မမကြီး ဘာပြောမည်ကို သိချင်လှ၏။ လိပ်၍တင်ထားသော အင်္ကျီလက်ကို မမကြီးသည် အသာဖြေချနေပြန်သည်။

"ဘာပြောမှာလဲ မမကြီး"

ခင်ခင်လေးမျက်လုံးများကို စိုက်ကြည့်ရင်း မမကြီးသည် တံတွေးမျိုချနေပြန်၏။

"မိလေ... သမီးလေးမိက လက်ထပ်ပေးရမယ်တဲ့"

"ဘာ..."

ခင်ခင်လေးသည် သွေးကြောများ ရပ်သွားသလို မလှုပ်နိုင်တော့ပေ။ သူ့ရင်ထဲတွင် ဘာဖြစ်သွားသည်ကိုလည်း မသိသလို ဖြစ်သွား၏။ ချက်ချင်းလိုပင် နှလုံးသားမှာ အခုန်မြန်လာလွန်း၍ လက်နှင့်ဖိထားရ၏။

"ဘယ်လို မမကြီး"

"မိက သည်စာမေးပွဲအောင်လို့ သီတင်းကျွတ်ကျရင် သူ့ကို လက်ထပ်ပေးပါတဲ့"

"ဟင်"

"သူဖွင့်ပြောတာကို လက်ခံစဉ်းစားဖို့သင့်တယ်"

"နေပါဦး ဘယ်သူနဲ့တဲ့လဲ"

"သည်ကို လာလာနေတဲ့ မောင်မောင်နဲ့ပေါ့"

"အင်း..."

ခင်ခင်လေးသည် အသက်ရှူမှန်အောင် ဖြည်းဖြည်းလေး ပြန်၍ရှူနေ၏။

"ဒါကြောင့် ထင်တော့ထင်သားပဲ။ သမီးမှာ ချစ်သူရှိနေပြီဆိုတာ သူ့ဖေဖေက မပဟုတ်နိုင်ဘူးတဲ့။ ကြောင်မ ရွှေမိ၊ ရည်းစားတွေ ဘာတွေရှိနေပြီကိုး"

"အေး မမကြီးကို သူဖွင့်ပြောတယ်။ မောင်မောင်ရဲ့မိဘတွေကလည်း သည်ကို လာလည်ချင်သတဲ့"

"သူ့မိဘတွေက ဘယ်သူတွေလဲ"

"ယော့လမ်းမှာနေတယ်တဲ့၊ ခု ဘာလုပ်စားလဲမသိဘူး။ အရင်က လယ်ပိုင်ရှင်တွေပဲ၊ မမကြီးစုံစမ်းရသလောက်တော့ တော်တော် ရေရေမွန်မွန်တွေပါပဲ"

"သူ့ဖေဖေကို တိုင်ပင်သေးတာပေါ့"

"တိုင်ပင်ချင်လည်း တိုင်ပင်။ ဒါပေမယ့် သည်နေ့လယ် မောင်မောင်ရယ် သူ့အမေနဲ့လာပြီး လည်လိမ့်မယ်။ အကဲခတ်ရင်း ခင်ခင်လေး လက်ခံပြီး စကားပြောသင့်တယ်"

"ဘုရားရေ…"

ခင်ခင်လေးသည် မျက်လုံးပြူးသွား၏။

"ဘုရား မရေနဲ့။ သမီးပျိုရဲ့ အမေဟာ သည်လိုအဖြစ်မျိုးကို တစ်နေ့မတွေ့ တစ်နေ့တွေ့မှာပဲ"

"ခက်တာပဲ၊ ဘာစပြောလို့ ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ"

"သည်အကြောင်းကို ညကျမှ မောင်အောင်မြင့်ကို ဖွင့်ပြောပေါ့။ ခုတော့ မောင်မောင့်အမေ အလည်သက်သက်လာလည်သလို ပြောပြထားရင် မောင်အောင်မြင့်က ကောင်းကောင်းဧည့်ခံပါလိမ့်မယ်"

ခင်ခင်လေးသည် နေမထိထိုင်မထိနှင့် နေရာမှ ထသွားသည်။ မီးအခန်းဝတွင် မတ်တပ်ကြီး ရပ်နေပြန်၏။ ခုတင်ခြေရင်းတန်းတွင် လျော့ရဲရဲတင်နေသော မီး ထဘီဝါလေးကိုလည်း အရင်က မီး၏ ထဘီနှင့်မတူသလိုပင် ထင်မိ၏။

ရွှေမင်သုတ်၍ထားသော မီး ဓာတ်ပုံမှာ အခန်းထောင့်တွင် ပန်းပွင့်လို လှပနေသည်။ ဤဓာတ်ပုံထဲမှ မျက်လုံးတို့သည် ချစ်သူကို ကြည့်တတ်နေပါပကော။

သူသည် ဧည့်ခန်းဘက်သို့ လှည့်ထွက်လာပြန်၏။ နံရံပေါ်မှ နာရီကြီးအသံမှာ 'မရွှေမီ လင်ယူတော့မယ်… မရွှေမီ လင်ယူတော့မယ်'ဟူ၍ပင် သူ့နားထဲမှာ ကြားနေ၏။

စန္ဒရားခလုတ်လေးများကို ဖွင့်ကြည့်ပြန်၏။ ဤခလုတ်များပေါ်တွင် မောင်မောင့်လက်ရာနှင့် မီလက်ရာတို့သည် တွဲလျှက်ထိလျှက်ပါကလား။

စန္ဒရားဘေးရှိ ပြတင်းတွင် ရပ်နေမိ၏။ သံတိုင်ကို လက်ကကိုင်ရင်း ခြံထဲကို ငေးမိပြန်သည်။ ပန်းပွင့်လေးတချို့မှာ အပင်ထက်တွင် ကြွကြွရွရွပွင့်နေ၏။ တချို့လည်း မြေတွင် သက်၍ပွင့်ဖတ်များ ကြွေနေကြသည်။

ပွင့်ဖတ်များကြွေ၍ မြေမှာ သက်ရမည့်အတူတူ သင့်တော်သူကို ပန်းပွင့်လေးခူးပေးလိုက်ရခြင်းကပင် ကောင်းသေး၏။

မတတ်နိုင်ပြီ။ ခင်ခင်လေးက ခူးမပေးလည်း ပန်းသည် သူ့တွင် အဆင်းရနံ့ရှိပေပြီပဲ။ သူညွတ်လိုသူအား ညွတ်ပေးတော့မည်။

နေ့လယ်တွင် မောင်မောင်တို့ လာ၍လည်၏။ မမကြီးမိတ်ဆက်ပေးမှုကြောင့် ကိုအောင်မြင့်သည် မောင်မောင့်အမေကို ကောင်းကောင်းဧည့်ခံ၏။ ခင်ခင်လေးကမူ စကားကောင်းကောင်းပြော၍ မရပေ။ စကားလုံးတစ်လုံး ထွက်မည့်အရေးကိုလည်း မနည်းကြိုးစား၍ပြောရ၏။

စိတ်ထဲတွင်လည်း သူ့သမက်လောင်းသည် အလ်ဖရက်ဟူသော နောက်ဆက်တွဲနာမည်မပါဘဲ 'မောင်မောင်'ဟု မှည့်လျှင် ဘယ်လောက်ရိုး၍ မြန်မာဆန်မလဲဟု တစ်ချက်တစ်ချက်တွေးမိ၏။

မောင်မောင့်အမေစကားပြောပုံမှာ သွက်လက်၍ အမိပ္ပာယ်ပြည့်စုံလှသည်။ ရိုးရိုးပြောနေရာမှ မိန်းကလေးသည် အရွယ်ရောက်လျှင် အန္တရာယ်များကြောင်းလည်း ပါ၏။ သင့်တော်သူနှင့်နေရာချသင့်ကြောင်းလည်း ပါ၏။ နောက်ဆုံးနိဂုံးချုပ်တွင်မူ သူ့သားမောင်မောင် ပညာအရည်အချင်း အလုပ်အကိုင်နှင့် စကားကို နိဂုံးချုပ်၏။

မောင်မောင်တို့သားအမိမှာ ညနေစောင်းမှ ပြန်သွားသည်။ ခင်ခင်လေးသည် ညစာစား၍မရ၊ အိပ်ရာထဲတွင် ခွေနေ၏။ ဝမ်းနည်းစရာ မဟုတ်ဘူးဆိုတာကိုလည်း သိ၏။ ဒါပေမယ့် စိတ်ထဲမှာ ဝမ်းနည်းနေ၏။

ကိုအနားတွင် လာ၍လှဲချိန်တွင်မူ ခင်ခင်လေး လက်ဖျားများ အေးလွန်း၍ ကိုက စိုးရိမ်သွား၏။

"ခင်ခင်လေးလက်တွေ အေးလွန်းတယ်။ ခင်လေး နေကောင်းရဲ့လား"

ခင်ခင်လေးသည် မိအကြောင်းပြောရန် မနည်းဖြစ်နေရပြန်သည်။

"သမီးလေးအကြောင်းကို ဘာမှမသိသေးဘူးနော်"

"ဘာအကြောင်းလဲကွယ်"

"သမီးက လက်ထပ်ပေးရမယ်တဲ့"

"ဟေ"

ဓမ္မတာတော့ ဓမ္မတာပေပဲ၊ ကိုယ်ကိုယ်တိုင် သူများသမီးကို ယူခဲ့ပေမယ့် ကိုယ့်သမီးကို သူများလက်သို့ ထည့်ရမည့်အချိန်တွင် အဖေတစ်ယောက်အနေနှင့် ရုတ်တရက်စကားမပြောနိုင်ပေ။ အတော်ကြာမှပင် ကို့အသံသည် တုန်တုန်ရီရီနှင့် ထွက်လာ၏။

"ဘယ်သူနဲ့လဲကွယ်"

"နေ့လယ်က လာလည်တဲ့ မောင်မောင်နဲ့ပေါ့။ မောင်မောင့်မိဘတွေက သဘောကျနေလို့ လာကြည့်တာကိုရဲ့"

"အေး မောင်မောင့်အဖေကိုတော့ ကို သိသားပဲ၊ ချက်ချင်းပဲ ပေးစားရတော့မလား။ ဘယ်တော့လက်ထပ်ချင်ကြသတဲ့လဲ"

"သိတင်းကျွတ်တဲ့၊ သမီးကိုတော့ တော့တော့ဆိုင်ဆိုင် မမေးရသေးဘူး။ ခင်ခင်လေး သမီးကို ရှက်နေသလိုပဲ"

"အေး ခက်သားလား၊ တို့များကတော့ သမီးလေးကို မွေးစလိုပဲ ရင်ခွင်ထဲမှာ ကြည့်နေချင်တာပေါ့။ ဒါပေမယ့် သူ့မှာ ချစ်သူရှိလာပြီကိုး။ တို့ရင်ငွေ့ကို သမီးဟာမေ့ပြီပေါ့။ ချစ်သူရင်ငွေ့ကိုသာ လှုံချင်မှာပေါ့လေ။ အင်း ထုံးစံပဲ ခင်ခင်လေးရေ၊ တို့များဝင်္ဂလည်တာ၊ တို့လည်း မိဘရင်ခွင်က ထွက်ပြီး သူများရင်ခွင်ဝင်ခဲ့တာပဲ။ တို့သမီးလေးလည်း တို့ရင်ခွင်ကို စွန့်ပြီး သူများရင်ခွင် ဝင်သွားဦးမှာပေါ့လေ..."

နှစ်ဦးသား စကားမပြောနိုင်ဘဲ ချစ်လှစွာသော သမီးလေးအတွက် အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်။

*****

(၉)

မိနှင့် မောင်မောင် လက်ထပ်ဖို့ကိစ္စမှာ အတိအလင်း မကြေညာသေးသော်လည်း အတော်ပင် ပြည့်စုံခြင်းသို့ ရောက်နေ၏။ မောင်မောင့်မိဘများလည်း မိတို့အိမ်သို့ ဝင်ထွက်နေကြ၏။

မမကြီးသည် သူ့တူမ အိမ်ရှင်မကောင်းဖြစ်ရမည်ဆို၍ ထမင်းချက် ဟင်းချက်ကို ကောင်းကောင်းသင်ပြ၏။

ဝါဆိုဦး မိတို့အိမ်တွင် ဝါဆိုသင်္ကန်းကပ်သည့်နေ့ကမူ မိသည် ယောက္ခမလောင်းများနှင့် တစ်အိမ်သားလုံးကို သူကိုယ်တိုင်ချက်သော ထမင်းဟင်းဖြင့် ကျွေးမွေးဧည့်ခံ၏။

ခင်ခင်လေးသည် သမီးကို အရိပ်ကြည့်ရင်း တစ်နေ့ထက်တစ်နေ့ ရင်ထဲမှာ ထိတ်လာ၏။ သမီးကို ခွဲခွာရမည့်အချိန်သည် တစ်နေ့ထက်တစ်နေ့ နီးကပ်လာပေပြီ။

ယနေ့ထိတော့ လင်ရေးသားရေးကိစ္စများကို သမီးနှင့်တိတိလင်းလင်း တစ်ခါမှ မဆွေးနွေးမိကြသေးပေ။

ယနေ့မှာ ကိုအောင်မြင့်၊ မမကြီး၊ မိတို့နှင့် မောင်မောင်တို့အိမ်သားတစ်စု ပျော်ပွဲစားထွက်သွားကြ၏။ ခင်ခင်လေးသည် ကောင်းကောင်းနေမကောင်း၍ ကျန်ရစ်ခဲ့၏။

mmcybermedia.com

အိပ်ရာထဲလှဲနေစဉ် အိမ်မှ မိန်းကလေးသည် စာတစ်စောင်ကို လာပေး၏။

"စာပို့သမားလာပေးသွားတယ် မမ"

ခင်ခင်လေးသည် တစ်ခါမျှ မမြင်ဘူးသော လက်ရေးအတွက် အံ့သြနေ၏။ စာအိတ်ကို အသာဖောက်ကာ စာကိုဖတ်ကြည့်၏။

"ဒေါ်ခင်ခင်လေး"

စာခေါင်းစဉ်တွင် ဤကဲ့သို့ပင် တပ်ထား၏။ ဘယ်သူမျှသူ့ကို ဒေါ်ခင်ခင်လေးဟူ၍ မခေါ်ပေ။

ဒေါ်ခင်ခင်လေး

ရှိသေစွာ စာရေးလိုက်ပါတယ်။ သည်စာကို ရေးသင့်မသင့် အခါခါစဉ်းစားပါသည်။ ရင်ထဲမှာ ခံစားရသည့် ဝေဒနာက ပြင်းလွန်းတော့ မခံမရပ်နိုင်တာနဲ့ သည်စာကို ရေးလိုက်တာပါပဲ။

စာရေးရင်းလည်း ဒေါ်ခင်ခင်လေးဟာ ကိုယ်ချင်းစာတတ်တဲ့ မိန်းမတစ်ယောက်လို့ မျှော်လင့်နေမိပါတယ်။

ဒေါ်ခင်ခင်လေးသမီးနဲ့ ကိုမောင်မောင်နဲ့ ပေးစားမယ်လို့ ကျွန်မ သတင်းကြားပါတယ်။ အမှန်တော့ ကိုမောင်မောင်အကြောင်းကို မိရော ဒေါ်ခင်ခင်လေးတို့ပါ သိမှာမဟုတ်ပါဘူး။ ဒါကြောင့် လက်ထပ်ဖို့သဘောတူတဲ့ ဒေါ်ဒေါ်တို့ကို ကျွန်မ အပြစ်မတင်လိုပါ။

ကိုမောင်မောင်ကိုလည်း အပြစ်မတင်လိုပါ။ ပုထုဇဉ်တွေကိုး။ တစ်ချိန်တစ်ခါမှာ တစ်ယောက်အသည်းစွဲချစ်ခဲ့ပေမယ့် တစ်ခါတစ်ခါမှာလည်း အမုန်းကြီး မုန်းမှာပဲ။

ကျွန်မမှာ ချစ်မေတ္တာကလွဲလို့ ကိုမောင်မောင်ကို ဘာမှမပေးနိုင်ဘူး။ ကိုမောင်မောင် ပျဉ်းမနားမှာ သစ်တောနဲ့ပတ်သက်ပြီး သင်တန်းဆင်းတုန်း ကျွန်မနဲ့တွေ့ခဲ့တာပေါ့။ သည်တုန်းကတော့ သစ္စာမဲ့ကျိုင်တွေ ဘာတွေဟာ ပြောမဆုံးခဲ့ဘူးပေါ့။

ခုအချိန်မှာ ကိုမောင်မောင်ဟာ မိနဲ့ လက်ထပ်တော့မယ်လို့ သတင်းကြားရတော့ စိတ်အလွန်ထိခိုက်ရတာပါပဲ။ ဒါပေမယ့် မိက ကျွန်မထက် ရုပ်ရည်၊ ဂုဏ်၊ ပညာအရည်အချင်း အားလုံးသာပါတယ်။ ကျွန်မက ပျဉ်းမနားသစ်ပင်တွေကြားထဲက တောသူပါပဲ။

လင်တစ်ယောက်ကို ဖမ်းယူဖို့ဂုဏ်၊ ပစ္စည်း၊ အလှအပတွေ ကျွန်မမှာ မရှိလေတော့ ကျွန်မချစ်သူကို ဆုံးရှုံးရတဲ့အတွက် ကျွန်မ ဝမ်းနည်းစရာ မဟုတ်ပါဘူး။

ကျွန်မမှာတော့ ပင်ကိုကျန်ခြွေ၊ ဂုဏ်တွေတော့ ဆုံးရှုံးခဲ့တာပါပဲ။ ဒေါ်ဒေါ်သမီးရဲ့ လက်ထပ်ရေးကိုလည်း ကျွန်မဝင်မစွက်ပါဘူး။ ဘယ်လိုမှလည်း မနှောင့်ယှက်ပါဘူး။

သည်စာကို ရေးရတာတော့ ဆုံးရှုံးသူအနေနဲ့ လက်မြှောက်ရတဲ့နောက်ပိုင်း စိတ်မှ သက်သာပါစေတော့လို့ ကိုယ်ရဲ့လက်ဦး 'ပိုင်ဆိုင်ခြင်း'ကို ထုတ်ဖော်ချင်လို့ပါပဲ။

မိကောင်းဖခင် သမီးတစ်ယောက်အနေနဲ့ ကျွန်မဂုဏ်ကို အစဉ်စောင့်ထိန်းလျှက်ပါပဲ။

သာယာချမ်းမြေ့ပါစေ။

တင့်တင့်

ပျဉ်မနား။

ကဲ ဘယ်လိုလုပ်ရပ့်။ စွန့်လွှတ်ရသူ မိန်းကလေးအဖို့လည်း ရင်ထဲတွင် ချိရှာမည်မဟုတ်။ ခင်ခင်လေးသည် ဘာလုပ်ရမှန်းမသိ၊ စာကို ရင်ဘတ်ပေါ်တင်ကာ မလှုပ်နိုင်၊ မရှားနိုင်ဖြစ်နေသည်။

"တို့မတရားဘူး။ ငါ့သမီးက ဂုဏ်နဲ့ ကြေးနဲ့၊ တို့တွေက အခြေအနေပိုင်တိုင်း လုပ်ရင် ခမျာများ ဟုတ်ပါရဲ့။ သည်ကောင်လေးတွေကလည်း ကိုယ့်ချစ်သူရှိလျှက်နဲ့ ဘာဖြစ်လို့များ စွန့်ချင်ကြပါလိမ့်။ မဖြစ်ဘူး... မဖြစ်ဘူး"

ခင်ခင်လေးသည် လက်ထပ်ဖို့ကိစ္စကို ဖျက်ချင်လာပြန်၏။

"အင်း သမီးလေးကလည်း ချစ်နေ၊ ကောင်ကလေးကလည်း ကြည့်ရတာ ရိုးရိုးအေးအေးလေးပါ။ ပြီးတော့ သစ်တောဝန်ထောက်၊ ဒါမျိုးလည်း ရခဲသားပဲ"

ခင်ခင်လေးအဖို့ သမက်လောင်းကို စားရမှာ သဲနင့်ရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီနင့်ဝင်းဝင်း ဖြစ်နေ၏။

"မိန်းကလေးဆိုတာ ကြုံခွင့်ရလျှင် ယောက်ျားကို ခေါင်းခေါက်ပြီး ရွေးနိုင်တယ်။ သူ့မရလဲ ကိစ္စမရှိဘူး"

အမျိုးမျိုးလှည့်တွေးရင်း ညနေသာစောင်းလာသည် ခင်ခင်လေးမှာ အဖြေကို တွေး၍မရပေ။

ညနေဘက်တွင် မိတို့ပြန်လာကြ၏။ မမကြီးနှင့် ကိုအောင်မြင့်ကို ခင်ခင်လေးသည် အိမ်ခန်းထဲသို့ ခေါ်လိုက်၏။ သူတို့ရောက်လာလျှင် နေ့လယ်က ရောက်လာသော စာကို ထုတ်ပြလိုက်၏။

ကိုသည် စာဖတ်ပြီးတွင် သူ့ထင်မြင်ချက်ကို ဘာမျှမပြောသေးပေ။ မမကြီးကမူ အစမှအဆုံး ဖြည်းဖြည်းဖတ်၏။ ဖတ်အပြီးတွင် စာရွက်ကို ခေါက်လိုက်ပြန်သည်။

"မိန်းမလေးနဲ့ ယောက်ျားလေး လက်ထပ်ခါနီးရင် သည်လိုပဲ အနှောင့်အယှက်တွေ ပေါ်တတ်တာပဲ၊ ပြီးတော့ ဒါမျိုးတွေဟာ ခပ်ပေ့ါပေ့ါ မိန်းမတွေ ဖြစ်မှာပါပဲ"

မမကြီးသည် သူ့ယူဆချက်ကို ပြောပြ၏။ ခင်ခင်လေးနားထဲတွင်မူ မမကြီးစကားသံမှာ အခံရခက်လှ၏။

"ခပ်ပေ့ါပေ့ါလို့ မမကြီးဘယ်နယ့်လုပ် ပြောနိုင်မလဲ၊ မိဘမသိဘဲ လူငယ်အချင်းချင်း ချစ်ကြပြီဆိုရင် ခပ်ပေ့ါပေ့ါပြောကြတာပဲ။ တောင်းရမ်းမင်္ဂလာဆောင်ယူမှ သည်မိန်းကလေးဟာ တကယ်ချစ်တာလို့ ဆိုရမှာလား။ တစ်ခါတုန်းက သည်ယောက်ျားလေးဟာသည်မိန်းကလေးကို

ချစ်အောင်လုပ်ခဲ့လို့ မိန်းကလေးက ရိုးရိုးသားသားနဲ့ မြတ်မြတ်နိုးနိုး ချစ်ခဲ့မိတယ်လို့ကော မဖြစ်နိုင်ဘူးလား"

ခင်ခင်လေးမေးခွန်းကို မမကြီးနှင့်ကိုအောင်မြင့်သည် ရုတ်တရက် မဖြေနိုင်ပေ။ ဖြေနိုင်မဖြေနိုင်တာထက် သည်ပြဿနာကို ရုတ်တရက် ဖြေရှင်းဖို့ခက်နေကြ၏။ တကယ်လည်း သူတို့သည် တိကျစွာ မလုပ်ရဲပေ။ အမှန်အတိုင်း ဖွင့်ဟဝန်ခံရပါလျှင် မမကြီးသည် မောင်မောင်လို ဝန်ထောက်တစ်ယောက်ကို လက်လွှတ်လိုက်ရမှာ နမြောနေခဲ့၏။

"ခင်ခင်လေးက သည်လိုဆို ဘယ်လိုလုပ်ချင်လို့လဲ"

ကိုက မေးခွန်းထုတ်လိုက်၏။

"ဘယ်လိုလုပ်ရမလဲဆိုတာတော့ တွေးရသေးတာပေါ့။ ခက်တာက ယောကျ်ားတစ်ယောက်ကို ယူမယ်ကြံရင် လွန်ဆွဲရသလို ဖြစ်နေတာကတော့ ရှက်စရာကောင်းတယ်။ ကိုယ့်ဘက်က ဂုဏ်၊ ပစ္စည်း၊ ရုပ်ရည်သာလို့ ယောကျ်ားတစ်ယောက်ကို ရဦးတော့ စိတ်ပျက်စရာတော့ တော်တော်ကောင်းတာပဲ"

"ယောကျ်ားဆိုတာကလည်း ခက်သားလား"

"ဘာပြောတယ် ကို"

"ယောကျ်ားတွေကတော့ သည်လိုပဲ ရှိတတ်တာပဲ"

ခင်ခင်လေးသည် ကို့ကို စူးစူးရှရှကြည့်၏။

"အင်း ကိုဟာ အဲသည်ယောကျ်ားတွေအတိုင်းသာဆိုရင်တော့ ခင်ခင်လေးယူမိခဲ့တဲ့အတွက် အတော်ဝမ်းနည်းရဦးမှာပဲ။ သည်လိုသာဆိုရင် ပစ္စည်းမဲ့သူငယ်က ချစ်တဲ့မိန်းကလေးတွေဟာ ယောကျ်ားတွေအဖို့ သူတို့မျှော်မှန်းတဲ့ ဂုဏ်ရှင်၊ ကြေးရှင် မိန်းကလေးကို မတွေ့သေးသမျှ အသုံးချမယ့် ခြေတော်တင်သက်သက်တွေပေါ့။ စပယ်ကို မရသေးလို့ အစားသုံးတဲ့ ခံပွင့်တွေပေါ့ ဟုတ်လား"

"ကို အများကြီးဝမ်းနည်းတယ် ခင်ခင်လေးရယ်၊ အမှန်တော့ သမီးလေးကို ဘယ်လိုဖျောင်းဖျရမှန်းမသိလို့သာ ကိုဟာ ရုတ်တရက် အဖြေကို ပေးမိတာပါ။ ကိုတစ်ယောက်အနေနဲ့တော့ ဘယ်မိန်းကလေးရဲ့ အချစ်ကိုမှ မစော်ကားခဲ့သေးပါဘူး"

သုံးယောက်စလုံးသည် စိတ်အိုက်နေ၏။ မမကြီးသည် ချွေးပြန်လာသည်ဆို၍ ပြတင်းတွင် သွားရပ်၏။ ကိုကမူ ခင်ခင်လေးအနားတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ နဖူးကြောများ ထောင်လာ၍ အသက်ရှုကျပ်သလို ဖြစ်နေ၏။

"သမီးကလည်း မောင်မောင်ကို တကယ်ချစ်နေတာဆိုတာလည်း ခင်ခင်လေး သတိထားသင့်တယ်"

"ဟုတ်ပါတယ်လေ၊ တင့်တင့်ကရော တကယ်မချစ်ဘူးလို့ ကိုပြောနိုင်လား။ ပြီးတော့ တစ်ခုစဉ်းစားရမှာက မိက မောင်မောင်ဟာ ဝန်ထောက်ဘဝရောက်ပြီး ကျကျဖြစ်မှ ချစ်ကြတာ၊ အာမခံရှိနေပြီ ဆိုပါတော့။ တင့်တင့်ကတော့ ဖြူမယ်၊ မည်းမယ် ဘာမှ မသိခင် ဘာမှမျှော်မှန်းလို့မရတဲ့ အချိန်မှာ ချစ်ခဲ့တာဆိုတာလည်း ထည့်တွက်သင့်တယ်"

"အေး ဒါလည်း ဟုတ်ပါတယ်။ ဒါပေမယ့် တို့များသမီးစိတ်ကလည်း တော်တော်ပြင်းထန်တယ်နော်"

"ခင်လေးသည်ကိစ္စ မှန်မမှန် စုံစမ်းဦးမယ်လေ။ သည်အတိုင်းမှန်ရင် ခင်ခင်လေး ဆက်ပြီးလုပ်လိုက်မယ်။ ကိုတို့ကျေနပ်မလား"

မမကြီးသည် ပြတင်းအပြင်ဘက်လှည့်နေရာမှ အခန်းထဲသို့ ဖျတ်ခနဲ လှည့်လိုက်၏။

"ကျေနပ်ပါတယ်လေ..."

ကို့ပါးစပ်မှ အဖြေထွက်လာလျှင် မမကြီးသည် ဘာမျှမပြောတော့ပေ။

*****

(၁၀)

နောက်နေ့မနက်ဖက်တွင် မိနှင့် မမကြီးသည် မြို့ထဲသို့ ကိုအောင်မြင့် အလုပ်သွားရင်း လိုက်သွားကြ၏။

ခင်ခင်လေးသည် တယ်လီဖုန်းကို ကိုင်ရင်း ရင်ထဲမှာ တထိတ်ထိတ်ခုန်နေ၏။

"မောင်မောင်လား၊ ဒေါ်ဒေါ်ခင်ခင်လေး စကားပြောနေတယ်။ အခုအားရင် ဒေါ်ဒေါ်တိုအိမ်ကို ခဏလာပါလား"

"လာနိုင်မယ်လား၊ လာနိုင်ရင် အခုလာပါ။ ဒေါ်ဒေါ်စောင့်နေမယ်"

တယ်လီဖုန်းလက်ကိုင်ကို ပြန်၍ချထားလိုက်၏။ အမှန်တော့ ခင်ခင်လေး ရင်ထဲတွင် ယခုလိုလုပ်ရသည်ကို စိတ်မချမ်းသာလှပေ။ သို့သော် ခင်ခင်လေးသည် ဤလိုနေရာမျိုးတွင် အမှန်တရားကို ရင်မဆိုင်ရဲပါလျှင် တစ်သက်လုံး လိပ်ပြာသန့်လိမ့်မည် မဟုတ်ပေ။

၁၅ မိနစ်အတွင်း မောင်မောင့်ကားလေးသည် ဆင်ဝင်အောက်သို့ ရောက်လာ၏။ အမြဲခပ်အေးအေးနေသော ယောက်ျားမလောင်း၏ ခေါ်ယူတွေ့ဆုံခြင်းမှာ မောင်မောင့်အဖို့ အထူးအဆန်းဖြစ်နေသည်။ ဆိုဖာပေါ်တွင် ထိုင်သည်အထိ စိတ်ကို ထိန်း၍မရသေးပေ။

“မောင်မောင့်ကို ဒေါ်ဒေါ်ဟာ တိတိလင်းလင်း ဆွေးနွေးစရာရှိလို့ ခေါ်ပြီး တွေ့တာပါကွယ်”

ခင်ခင်လေးအသံသည် အေး၍ပြတ်သားလွန်းသောကြောင့် ခင်ခင်လေးသည် သူ့ကိုယ်သူ အံ့ဩမိ၏။ ဒါလောက် သူ့စိတ်ကို ထိန်းနိုင်လိမ့်မည် မထင်ပေ။

“မိန့် လက်ထပ်ဖို့ရာ အတော်လေး အဆင်ပြေနေတယ်လို့ ဆိုရမှာပဲ။ ဒေါ်ဒေါ်အဖို့လည်း သမီးတစ်ယောက် အိုးအိမ်အတည်တကျဖြစ်မှာမို့ စိတ်အေးမိပါတယ်။ ဒါပေမယ့်...”

မောင်မောင့်ရင်ထဲတွင် ‘ဒါပေမယ့်’သည် ဒိန်းခနဲဝင်ဆောင့်လိုက်၏။ ခင်ခင်လေးသည် ရှေ့ဆက်ပြောရန် ဝန်လေးသည်။ တင့်တင့်စာကို ဖွင့်လိုက်၍ မောင်မောင့်လက်ထဲသို့ ထည့်လိုက်၏။

“သည်စာကို မောင်မောင်ဖတ်ပြီး အကျိုးအကြောင်း ဒေါ်ဒေါ်သိသင့်သလောက် ပြောပြစေချင်ပါတယ်”

မောင်မောင်သည် စာဖတ်ရင်း မျက်လုံးကျန္ဒြေပျက်နေသည်။ မျက်နှာသည် သွေးဆုတ်သွားသလို ရုတ်တရက် ဖြူဖတ်ဖြူရော်ဖြစ်သွားသည်။ စာကိုကိုင်ထားသော လက်မှာ တုန်နေ၍ စာရွက်အဖြူလေးမှာ လှုပ်နေသည်။

သူ့အမူအရာမှာ စာပါအကြောင်းအရာများ ဟုတ်မှန်သည်ကို ဝန်ခံနေ၏။ ခင်ခင်လေးသည် မောင်မောင့်ကို အကဲခတ်နေရာမှ အဝေးသို့ မျက်စိကို လွှဲလိုက်၍...

“ဒေါ်ဒေါ်အဖို့တော့ ဟိုမိန်းကလေးနဲ့ ဖြစ်ခဲ့ကြတယ်လို့တော့ မစွပ်စွဲရဲပါဘူး။ ဘာပဲဖြစ်ဖြစ် မောင်မောင်ကတော့ အမှန်ကို ဝန်ခံလိမ့်မယ်လို့ ဒေါ်ဒေါ်မျှော်လင့်ပါတယ်”

မောင်မောင်သည် ခင်ခင်လေး၏ မျက်လုံးအကြည့်ကို မခံနိုင်သလို ဖြစ်လာ၏။ ယခင်အခါလာတုန်းက ခင်ခင်လေးအား အင်မတန် အေးစက်၍ အဆိပ်မဲ့သူ အဒေါ်ကြီးတစ်ယောက်အနေနှင့် ထင်ခဲ့၏။ ဒါလောက် ကိုယ့်ကိုယ်ကို ယုံကြည်သော စိတ်တန်ခိုးကို ပိုင်ဆိုင်သည့်မိန်းမတစ်ယောက် ဖြစ်လိမ့်မည်ဟု သူမတွေးမိခဲ့ပေ။

“ကျွန်တော်...”

စကားလုံးက ရှေ့ဆက်မရ၍ သူ ခဏရပ်ထားလိုက်သည်။

“ကျွန်တော် သစ်တောတွေ လေ့လာဖို့ ပျဉ်းမနားဘက်ဆင်းရင်း သည်မိန်းကလေးနဲ့ တွေ့ခဲ့ကြတာအမှန်ပါပဲ”

“သည်လိုဆို မေတ္တာရှိခဲ့ကြတာလည်း ဟုတ်တာပေါ့”

“ဟုတ်ပါတယ်”

"မိန့် မောင်မောင် လက်ထပ်တော့မယ်ဆိုတဲ့ သတင်းကြားရရင်တော့ သည်မိန်းကလေးမျက်ရည်နဲ့ မျက်ခွက်နေမှာပဲနော်။ မောင်မောင့်စိတ်ထဲမှာရော တင့်တင့်အကြောင်းကို မတွေးမိဘူးလား"

မောင်မောင် မဖြေတတ်ပေ။ သည်မိန်းမကြီးနှယ် ရှာရှာဖွေဖွေ မေးတတ်ပလေဟု စိတ်ညစ်သွား၏။

"သည်လိုပါ"

မောင်မောင်သည် တခြားအဖြေတစ်ခုကို ရှာလိုက်၏။

"သူနဲ့ဖြစ်ခဲ့ရတာကလည်း ကျွန်တော့်စိတ်က နည်းနည်းပါ"

"ဘယ်လိုကွယ့်"

"မိဘတို့အိမ်နဲ့ဝေးပြီး တောမှာနေရတော့ သည်မိန်းကလေးပြုစုတာကို သာယာပြီး ဖြစ်မိတာပါပဲ။ ပြီးတော့ မိန်းကလေးကစလို့ ကျွန်တော် ပါရတာပါ"

"ဘာ ဘာ ဘယ်လို ဘယ်လို..."

ခင်ခင်လေး မျက်လုံးများသည် ဝင်းဝင်းတောက်လာ၏။ မောင်မောင့်ကိုယ်မှာလည်း ကြက်သီးတွေထသွား၏။ ခင်ခင်လေးသည် သည်အဖြေကိုသာ မဖြေလျှင် မောင်မောင့်အတွက် အတော်စဉ်းစားဖို့ အကြောင်းများရှိ၏။ သို့သော် မောင်မောင့်အဖြေမှာ မိနှင့် သူ့အား ပင်လယ်ခြားလိုက်တော့သည်။

"ဒေါ်ဒေါ်ကို ခွင့်လွှတ်ပါမောင်ရင်။ မိန်းကလေးကစလို့ ကျွန်တော်ပါရပါတယ်ဆိုတဲ့ အဖြေဟာ ယောက်ျားတစ်ယောက် ပြောကောင်းတဲ့စကားမဟုတ်ပါဘူး။ ဒေါ်ဒေါ်တောင်းပန်ချင်တာက ဒေါ်ဒေါ်သမီးဟာ လင်တစ်ယောက်ကို သူများနလုံးသားထဲက လုယူရတဲ့အဖြစ် မရောက်စေချင်ဘူး"

မောင်မောင်သည် လေထဲတွင် လွင့်ပျံထွက်သွားသလို ဟာသွားတော့သည်။ သူ့အဖြေကို ပြင်ချင်ပေမယ့် အချိန်မရတော့ပေ။

"ဒေါ်ဒေါ်တို့မှာ အားရှိတိုင်း ပစ္စည်းတွေ ဂုဏ်တွေ ပြည့်စုံတိုင်း ဖိပြီးတော့ သူတစ်ပါးအချစ်ကို မယူပါရစေနဲ့။ ဒါလောက်ဆို မောင်မောင်ရှင်းပါပြီနော်။ ပြန်ချင်ရင် ပြန်နိုင်ပါတယ်"

ရှင်းပါပေ့၊ ရှင်းမယ့်ရှင်းတော့လည်း ဒေါ်ရွှေခင်ခင်လေးသည် ပြတ်ပြတ်သားသားပင် လုပ်လိုက်၏။ အမှန်တော့ သူသည်လည်း တစ်ခါက ချစ်သူကို ဆုံးရှုံးခဲ့ရသည် မဟုတ်ပါလား။ သူ့နလုံးသားသည် နာကျင်ထိခိုက်ရသလို တခြားမိန်းကလေးတစ်ယောက်ကိုလည်း မဖြစ်စေလိုတော့ပေ။

*****

(၁၁)

လေမုန်တိုင်းကား ကျလေပြီ။

မိသည် ဟစ်၍ဟစ်၍ အော်၏။ ရင်ထဲကျိတ်မနိုင်ခဲမရဖြစ်တိုင်း ခေါင်းအုံးတွေကို လွှင့်ပစ်၏။ အခန်းတံခါးများ ပိတ်ထား၍ မိအသံသည် အပြင်ကို ခပ်အုပ်အုပ်သာ ထွက်လာ၏။ မိသည် အစွမ်းကုန် ပေါက်ကွဲနေသလောက် မေမေက ငြိမ်သက်စွာ ကြည့်နေ၏။

"ကိုမောင်မောင်ကို မေမေက ခေါ်လိုက်ပြီပေါ့ ဟုတ်လား၊ မိ ကိုမောင်မောင်ကို မယူရတော့ဘူးလားဟင်။ မေမေသိပ်မတရားတာပဲ"

မိသည် ခုတင်ပေါ် ပစ်လှဲရင်း ရှိုက်၍ငိုပြန်၏။ ရှိုက်လွန်း၍ မိကိုယ်မှာ သိမ့်သိမ့်တုန်နေသည်။

ပတ်ဝန်းကျင်အခြေအနေများ အားလုံးပင် တူညီနေကြ၏။ မိ ဝမ်းမှ ကျွတ်စ အသံကုန်ဟစ်၍ ငိုသလို ယခုလည်း ဟစ်၍ငို၏။ ငယ်တုန်းက လက်ခြေများ ကလန်ကလန်နှင့် လှုပ်ရှားသလို ယခုလည်း စောင်တွေ ခေါင်းအုံးတွေကို လွှင့်ပစ်၍ငိုနေ၏။

မမကြီးနှင့် ကိုအောင်မြင့်သည် မိကိုမွေးချိန်က မွေးခန်းအပြင်ဘက်တွင် ဒူးတုန်ရင်ခုန်၍ စောင့်နေသလို ယခုလည်း တထိတ်ထိတ်နှင့် အပြင်ဘက်တွင် စောင့်နေကြ၏။

မိ တစ်သက်တာတွင် ခင်ခင်လေးသည် ဒါလောက်ရဲရင့်လိမ့်မည်ဟု သူတို့ မထင်ကြပေ။ ယခုတော့ ခင်ခင်လေးသည် 'မိခင်'အဖြစ်ကို ပိုင်ပိုင်နိုင်နိုင် ရင်ဆိုင်လိုက်၏။

မိ၏ဒေါသနှင့် ပူဆွေးမှုများ ပေါက်ကွဲအံထွက်ချိန်တွင် သူသည် ငြိမ်သက်နေသည်မှလွဲ၍ ဘာတစ်လုံးမျှ မပြောပေ။ အမှန်တော့ မိ စိတ်ထဲတွင်လည်း တစ်ခါမျှ ဒါလောက်သတ္တိမရှိဘူးခဲ့သော အမေသည် ယခုလို သူ့ကိုလာရောက်ရင်ဆိုင်သည်ကို အံ့သြနေ၏။ ငိုရအော်ရလွန်း၍ မောလာကာ မိသည် တဖြည်းဖြည်း ငြိမ်ကျသွားသည်။ အိပ်ရာပေါ်တွင် လှဲရင်း ရှိုက်သံသာ တစ်ချက်တစ်ချက်ပေါ်လာ၍ ပါးပေါ်သို့ မျက်ရည်ကြောင်းများ စိမ့်၍ကျလာသည်။

ခင်ခင်လေးသည် ခုတင်ဘေးရှိ ကုလားထိုင်တွင် အသာဝင်ထိုင်၏။ တွတ်တွတ်ရဲနေသော မိမျက်နှာကို ကြည့်ရင်း ရင်ထဲမှာ ဆို့သွား၏။ သူသည် စိတ်ကို ပြန်တင်းလိုက်၏။

"မေမေ့မှာ အပြစ်တွေ အများကြီးရှိခဲ့ပါတယ်။ သမီးတစ်ယောက်ရဲ့ အမေဟာ သမီးအရွယ်ရောက်လာရင် လင်ယူသားမွေး၊ ရည်းစားထားတဲ့ ကိစ္စတွေကို သူငယ်ချင်းလို တိုင်ပင်သင့်တယ်။ မေမေကိုယ်တိုင် သမီးနဲ့ ဆွေးနွေးသင့်ပါတယ်။ သည်လိုမနေခဲ့တဲ့ မေမေ့မှာ အများကြီးအပြစ်ရှိတယ်။ မငိုပါနဲ့တော့ သမီးလေးရယ်။ မငိုပါနဲ့တော့ သမီးငိုတာကို မေမေမကြည့်ရက်ပါဘူး။ မေမေ့ရင်ထဲမှာလဲ မီးလောင်နေသလိုပါပဲ"

မိသည် ငြိမ်ကျလာကာ ခင်ခင်လေးစကားကို နားထောင်နေ၏။

"ဒါပေမယ့် တို့များဟာ မိန်းမတွေအနေနဲ့ တွေးသင့်ကြတာတွေ အများကြီးပဲ။ သမီးချစ်သူနဲ့ ခွဲခွာရတော့မယ်ဆို ဘယ်လောက်ပူပန်စိတ်ဆင်းရဲလဲ၊ အဲသည်လိုပဲ သမီးနဲ့လက်ထပ်မယ်လို့ ကြားရတဲ့ တင့်တင့်ရဲ့ စိတ်ဆင်းရဲမှုကလည်း သမီးထက်တော့ လျော့မှာ မဟုတ်ဘူး"

မေမေ့အသံသည် ကြည်လင်၍ အေးအေးဆေးဆေး ဖြစ်လာသည်။ မိ ရှိုက်သံမှာလည်း ဝေးလာသည်။

"ဟိုတစ်ယောက်အပေါ်မှာ သစ္စာဖောက်ပြီး ကိုယ့်ကိုချစ်ရင် သည်လူရဲ့ မေတ္တာကို ဘယ်လိုလုပ်ယူရမှာလဲကွယ်။ ကိုယ်က တရားဥပဒေအရ ဂုဏ်ပါဝါအရ ပိုင်နေပေမယ့် မေမေသာဆိုရင် တစ်သက်လုံး စိတ်သန့်မှာမဟုတ်ဘူး"

"သည်တော့ မေမေတစ်ခုတောင်းပန်ချင်တာက တို့များဟာ သူများမျက်ရည်ပေါက်ကြီးငယ်ကျမှ လင်တစ်ယောက်ရတဲ့အဖြစ်မျိုး မရောက်ပါရစေနဲ့ကွယ်"

ခင်ခင်လေး၏ နောက်ဆုံးစကားမှာ မိနှလုံးသားထဲသို့ ဝင်ရောက်သွား၏။ မိသည် မျက်လုံးကို မှေးကာ ဖြည်းဖြည်းလေး ရှိုက်နေ၏။ ဖရိုဖရဲဖြစ်နေသော ဆံစများကို ခင်ခင်လေးသည် သပ်၍ပေးလိုက်၏။

"သမီး ခဏအိပ်လိုက်ဦးနော်"

"သမီးတော့ ငိုနေမှာပဲ၊ အကြာကြီး ငိုနေမှာပဲ"

"ငိုပေါ့၊ ကိစ္စမရှိပါဘူး။ ငိုနိုင်ပါတယ်"

ခင်ခင်လေးသည် အခန်းထဲမှ အသာထွက်သွားသည်။ အပြင်ခန်းတွင် စောင့်နေသူနှစ်ဦးသည် ခင်ခင်လေးထွက်လာမှ ရင်ခုန်နည်းနည်း လျော့သွား၏။

"ဘယ့်နှယ်လဲ"

ကိုသည် အသံတိုးတိုးလေးနှင့် လှမ်း၍မေး၏။

"အဆင်ပြေပါတယ်"

ခင်ခင်လေးသည် ချက်ချင်းပင် သူ့အခန်းသို့ ဝင်သွား၏။ ကိုနောက်မှ လိုက်လာသောအခါတွင်မူ ခင်ခင်လေးသည် ရှိုက်ကာငင်ကာ ငိုနေပြန်သည်။

"ဘယ်လိုဖြစ်တာလဲ ခင်ခင်လေး"

ခင်ခင်လေးသည် ရှိုက်ပြန်၏။

"အဆင်တော့ ပြေပါတယ်။ မိန်းမတစ်ယောက်အနေနဲ့ သည်ကိစ္စကို ပြတ်ပြတ်သားသား ရင်ဆိုင်ရဲရတာကိုး။ သမီးတစ်ယောက်ဒါလောက်ငိုနေတာကို မြင်ရတဲ့အမေဟာ ဘယ်စိတ်ချမ်းသာနိုင်မလဲ"

"ဟင် သမီးလေး သိပ်ငိုတယ်လား"

"ငိုတာပေါ့။ ကိုယ့်ချစ်သူတစ်ယောက်လုံး ဆုံးရှုံးရတော့ ဘယ်သူမငိုဘဲနေမလဲ။ ပြီးတော့ မိန်းကလေးဆိုတာ ကိုယ့်ချစ်သူကို တစ်မိုးအောက် တစ်ယောက်လို့ ထင်ကြတာချည်းပဲ။ ခင်ခင်လေး ငယ်တုန်းကဖြင့် မျက်မြင်ဒိဋ္ဌ တွေ့တာတောင် ကိုတင်အောင် တစ်ယောက် ခင်ခင်လေးအပေါ် သစ္စာဖောက်တယ်လို့ မယုံချင်သေးဘူး"

"သိပ်များစိတ်ဆင်းရဲမှာလားကွယ်"

"ခဏပါပဲ၊ ခုတော့ ငိုဦးမှာပေါ့လေ"

ခင်ခင်လေးသည် တစ်ချက်ရှိုက်ရင်း မျက်ရည်များကို သုတ်လိုက်၏။

"ကိုယ့်ကြောင့် သူတစ်ပါး အသည်းလည်း မကွဲစေချင်ဘူး။ ဘာပဲဖြစ်ဖြစ် သည်တစ်သက်မှာ သူတစ်ပါးကို နာကျင်ထိခိုက်အောင် မလုပ်မိပါစေနဲ့လို့ ဆုတောင်းပါတယ်"

"သမီးဟာ ခင်ခင်လေးကြောင့် စိတ်ဒုက္ခရောက်နေရတယ်ဆိုရင်ကော..."

"သူတစ်ဖက်သားကို မနာကျင်အောင်လို့ ကိုယ့်သမီးကို ဒုက္ခခံခိုင်းရတာပါ။ သမီးရဲ့ဒုက္ခဟာ ခင်ခင်လေးရဲ့ဒုက္ခပါပဲ။ ခင်ခင်လေး ရင်ထဲမှာလည်း တကယ်နာနေပါတယ်။ ကိုယ့်ကိုယ်ကိုသာ အနာခံရမှာပေါ့။ ကိုယ်ကတော့ မဆိုးပါရစေနဲ့"

မငိုတော့ဘူးဆိုပေမယ့် ခင်ခင်လေးသည် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာပြန်သည်။ ခင်ခင်လေး ဘာကြောင့် ဒါလောက်ငိုသည်ကို ကိုနားလည်ပါ၏။

ကိုအောင်မြင့်နှင့် လက်ထပ်ဖို့ ခင်ခင်လေးကို နားချစဉ်က ခင်ခင်လေးသည် အပြင်းအထန် မေမေ့ရှေ့တွင် ငိုခဲ့၏။ သူ့ချစ်သူ ကိုတင်အောင်နှင့် ခွဲခွာရစဉ်က ခင်ခင်လေးသည် ငိုခဲ့၏။ ခင်ခင်လေးသည် သူ၏ ပူဆွေးရခြင်းမှာ ဘဝဘဝ၏ ဝဋ်ကြွေးများဟုထင်၏။ ထို့ကြောင့် ဘဝဆက်သံသရာမှာဖြင့် ကွေကွင်းရခြင်းကြောင့်လည်း ဒုက္ခမတွေ့ပါရစေနှင့်။ သည်ဘဝ သည်မျှနှင့်သာ တန်လိုပါ၏။ သူကသာ လျော့လိုသည်။ နောက်ဘဝတွင် ဝဋ်လည်ဖို့ကိုတော့ ခင်ခင်လေးသည် ကြောက်၏။

သမီးကိစ္စတွင်လည်း ခင်ခင်လေးသည် သမီးကို လျော့စေချင်၏။ သူကိုယ်တိုင်ကလည်း အားမပေးလိုပေ။ ဒုက္ခဆင်းရဲအသီးသီးတွင် အကြင်လိုချင်ခြင်း အကြောင်းသည်ရှိ၏။ ထိုလိုချင်ခြင်းကို မရ၍ခဏခဏ တောင့်တခြင်းသည် ကြီးစွာသော ဆင်းရဲပင်မဟုတ်ပါလား။ သူကိုယ်တိုင်ပင် တစ်ကြိမ်သောအခါက လိုချင်သည်ကို မရသောဆင်းရဲကို ခံခဲ့ရ၏။ ထို့ကြောင့် သူတစ်ပါး၏ လိုသောအရာကို သူ မလုလိုတော့ပါ။

သီတင်းကျွတ်ချိန်တွင် မောင်မောင်သည် သစ်တောဝန်ထောက်အဖြစ်နှင့်ပင် မြစ်ကြီးနားသို့ ပြောင်းရွှေ့သွားလေသည်။

ထိုနှစ်အတွင်းမှာပင် တစ်ခြားမိန်းကလေးတစ်ယောက်နှင့် မောင်မောင်လက်ထပ်သွားတော့သည်။

မိသည် ယခင်ကလောက် လှုပ်လှုပ်ရှားရှား မရှိတော့ပေ။ စာမေးပွဲအောင်သွားပြီ ဖြစ်၍ အိမ်မှာပင် နေ၏။ အနေအထိုင်များမှာတော့ ယခင်ကလို မဟုတ်ဘဲ အားလုံးပြောင်းလဲလာ၏။

မိကို လက်ထပ်ပေးရန် စီစဉ်ချိန်တွင်မှ ခင်ခင်လေးသည် မတိုက်တွန်းချင်တော့ပေ။

"သည်နေရာမှာတော့ မမကြီးတို့လည်း အတင်းမတိုက်တွန်းပါနဲ့၊ သူက လက်ခံလိုတယ်ဆိုမှ သူ့ဆန္ဒအတိုင်း ဖြစ်ပစေပေါ့။ အမှန်ကတော့ ကိုယ်လုပ်တာဟာ တရားနိုင်သမျှ တရားပါစေလို့သာ ကြိုးစားရတာကိုး။ အိမ်ထောင်ရေးမှာကတော့ ကောင်းချင်မှ ကောင်းတယ်။ လူကြီးစီမံရာ နားထောင်တိုင်းလည်း ကောင်းချင်မှ ကောင်းတာပဲ"

မိကမူ အကယ်၍သူသည် မမကြီး စီစဉ်ပေးသည့်အတိုင်း လက်ထပ်ရပါမူ၊ သူယူရမယ့်သူကို သူကိုယ်တိုင် တွေ့ချင်သည်ဟု တောင်းဆို၏။

မမကြီးသည် မျက်လုံးပြူးသွား၏။

"မိကိုယ်တိုင် သည်လူကို တွေ့ချင်တယ်။ ဘယ်နိုင်ငံက ပညာသင်ပြန်လာတာတွေ ဘာတွေမလိုချင်ဘူး။ ပထမဆုံး မိသူ့ကို တစ်ခုပြောချင်တယ်။ အဲသည်အကြောင်းကတော့ မိနဲ့ကိုမောင်မောင်ရဲ့ အကြောင်းပဲ"

"ဟာ မပြောပါနဲ့မိရယ်။ ကိုယ်ဖြစ်ခဲ့ပြီးတဲ့ဟာပဲ"

ခင်ခင်လေးစိတ်ထဲတွင်မူ သူ့သမီးသည် သည်လိုနေရာတွင် ဒါလောက်ပွင့်လင်းလာလိမ့်မည်၊ ရဲရင့်လာလိမ့်မည် မထင်ပေ။ သမီး၏ စိတ်ဓာတ်ပြောင်းလာပုံကို သဘောကျသွား၏။ သူ့သမီးသည် ငယ်စဉ်က စိုးရိမ်ပူပန်ရသလောက် မဆိုးလှပါကလား။

"ဟုတ်တယ် ခင်ခင်လေးလည်း ဒါတော့ သဘောကျတယ်။ တွေ့နိုင်အောင် မေမေစီစဉ်ပေးမယ်"

"အို ခင်ခင်လေးကလည်း ဘယ်လိုလုပ်တာလဲ"

မိသည် ဒေါ်ကြီးကို စိုက်၍ကြည့်ရင်း…

"မိတစ်သက်မှာ ယောကျ်ားတစ်ယောက်ကို လိမ်ပြီး မယူချင်ဘူး။ မိဘာလုပ်ခဲ့ပါတယ်ဆိုတာကို ဖွင့်မပြောပြရသ၍တော့ မယူဘူး"

ဒေါ်ကြီးသည် အတော်ခေါင်းကိုက်သွားသည်။

"ဖွင့်ပြောလို့ သည်ယောကျ်ားလေးက စိတ်ပျက်သွားရင်…"

"ပျက်ချင်ပျက်လေ၊ ဖွင့်ပြောရမှာက မိရဲ့ ဝတ္တရားပဲ။ ဘာလို့မေမေက အမှန်တရားကို အမြဲရင်ဆိုင်ရမယ်လို့ သင်သေးလဲ။ သည်တော့ မိအားလုံး ဖွင့်ပြောရမှာပဲ။ မိကို ဒါတွေကြားရလို့ ခွင့်မလွှတ်နိုင်ဘူး။ မယူနိုင်ဘူးဆိုရင် စောစောက လက်လျှော့ပေတော့။ မိမှာလည်း ဘာမှ ချွတ်ယွင်းတာမှ မဟုတ်ဘဲနဲ့။ ကိစ္စမရှိဘူး။ ယူပြီးကြတော့မှ အစက သည်လိုမှန်းမသိလို့ပါဆိုတဲ့ စကားလုံးမျိုးတော့ အသုံးမခံနိုင်ဘူး"

မိသည် မောင်မောင်တုန်းက လျှော့လိုက်သည့်အတွက် ယခုတော့ တင်းတင်းမာမာပင်ပြော၏။

"ဟုတ်ပါတယ်၊ ပြောပါစေ မမကြီး။ ကိုယ်ချစ်ခဲ့တာဟာ ချစ်ခဲ့တာပါပဲ။ ခင်ခင်လေးရဲ့ သမီးမှာလည်း ဘာမှ ဣန္ဒြေပျက်စီးလောက်အောင် ဖြစ်ပျက်ခဲ့တာမှ မဟုတ်ဘဲ"

မမကြီးသည် သားအမိနှစ်ယောက်လုံးကို လက်ထပ်ရမည့်သူအား သူ့အကြောင်းများကို ဖွင့်ပြောချိန်တွင် ဒေါ်ကြီးထင်သလို ဆိုးဆိုးရွားရွား မဖြစ်လာပေ။ ကိုအောင်မြင့်ကမူ ခင်ခင်လေးကို ပြောပြ၏။

"လောကကြီးမှာ သဝန်ကြောင် မနာလိုတဲ့ ယောကျ်ားတွေ ပေါသလို သစ္စာရှိပြီး ခွင့်လွှတ်နိုင်တဲ့ ယောကျ်ားတွေလည်း ရှိပါသေးတယ် ခင်ခင်လေး"

ကိုအောင်မြင့်ပြောသလိုပင် သူတို့သမက်လောင်းသည် မိ၏နောက်ကြောင်းများအတွက် ဘယ်လိုမှု စိတ်အနှောင့်အယှက် မဖြစ်ပေ။

အမှန်တော့လည်း မိန်းကလေးတစ်ယောက်အပေါ်တွင် ထိုအကြောင်းမျှလောက် ခွင့်လွှတ်ရသည်မှာ မဆန်းလှပေ။ ဤမိန်းမ ထိုမိန်းမတို့၏ ယောကျ်ားများတွင် မိန်းမများက ခွင့်လွှတ်ရမည့်အကြောင်းများကား အဆအထောင်မက များလှသေး၏။

ဤမိန်းမတို့အဖို့ ခွင့်မလွှတ်လျှင်လည်း ဘာများတတ်နိုင်ဦးမည်နည်း။ မိ လက်ထပ်ပွဲသည် ဆောင်းဦးပေါက်တွင် ပြီးစီးသွား၏။ ခင်ခင်လေးသည် ယခုမှပင် သူ့ရင်မှာ အေးသွား၏။ အမှန်တော့ ဘေးအန္တရာယ်ဟုပြောသော အပိုင်းမှ သူ့သမီးသည် လွတ်မြောက်ခဲ့လေပြီ။

အရွယ်ရောက်သည့်နေ့နှင့် အိမ်ထောင်မကျခင်နေ့ အတောအတွင်း အချိန်ပိုင်းသည် မိန်းကလေးတစ်ယောက်၏ဘဝကို အကောင်းဆုံးနှင့် အဆိုးဆုံးကို ဖြစ်စေနိုင်ပေသည်။

ဒါကြောင့် မေမေသည်သူ့အား အိမ်ထောင်ပြုဖို့ တိုက်တွန်းခဲ့ခြင်းကို ခင်ခင်လေးသည် ယခုမှ သဘောပေါက်မိ၏။ လက်ထပ်ပြီး သုံးလလောက်တွင် မိ ခင်ပွန်းသည်မှာ အင်ဂျင်နီယာတစ်ယောက်ဖြစ်၍ ရခိုင်ပြည်နယ်တွင် စက္ကူစက်တည်ရန်အတွက် ပြောင်းရွှေ့ရတော့သည်။

မိတစ်ယောက် အိမ်မှာလျှော့သွားမည်ဆိုတော့လည်း အားလုံးစိတ်မချမ်းမသာ ဖြစ်ရပြန်သည်။ သို့သော် ဆန်းသည်မှ မဟုတ်ဘဲ၊

အတောင်စုံကြလျှင် ပြန်ကြမြဲဓမ္မတာပင် ဖြစ်၏။ ဒေါ်ကြီးကမူ မိနှင့်မခွဲနိုင်၍ ရရိုင်ပြည်သို့ တစ်ပါတည်း လိုက်သွားတော့သည်။

နွေရာသီကုန်ခါနီးတွင် မိထံမှ စာတစ်စောင်ရောက်လာသည်။ ကိုအောင်မြင့်သည် သမီးစာကို ခင်ခင်လေးအား ဖတ်ပြနေ၏။

"ခင်ခင်လေးရေ သမီးလေးမှာ ကိုယ်ဝန်ရှိနေပြီဆိုပါလား။ ဒါကြောင့် နည်းနည်းနေမကောင်းဘူးတဲ့"

"ဘုရားမတာဘဲ ခင်ခင်လေးဖြင့် ဝမ်းသာလိုက်တာ"

"အေး သားဦးလေး မွေးပါစေ"

"ဟင့်အင်း ခင်ခင်လေးတော့ သမီးဦးမွေးပါစေလို့ ဆုတောင်းတယ်"

"ကြံကြံဖန်ဖန်ကွယ်၊ သားဦးဆိုတော့ အားရှိတာပေါ့"

"ဒါကြောင့်မဟုတ်ဘူး၊ သမီးလေးမွေးမှ မရွှေမိအားလုံးသိမယ်။ သမီးတစ်ယောက် မွေးလာရတဲ့အတွက် မိဘတွေမှာ ကာယစိတ္တဒုက္ခ ဘယ်လောက်များခံစားရတယ်ဆိုတာ မရွှေမိသည်တော့မှ သိမှာပေါ့"

"တို့များ သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာလဲ သူသိလာမှာပဲနော်"

သမီးလေး မိသည် ဤဘဝဇာတ်ခုံတွင် ဆက်လက် စခန်းသွားရဦးမည်ပါတကား။

ခင်ခင်လေးသည် ဖျတ်ခနဲ တွေးလိုက်မိ၏။ မိအတည်တကျဖြစ်နေသော နောက်ပိုင်းမှာပင် ဤအတွေးသည် ဤကဲ့သို့ဝင်လာသောအခါ ခင်ခင်လေးသည် နည်းနည်းမော၍သွားလိုက်သေးသည်။

"မောပေဦးတော့ မရွှေမိ"

*****

ပြီးပါပြီ။